ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 29 February 2024 ၁၁၃၈၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိုးမိတ်နှင့်မဘိမ်းမြို့နယ်တို့အား စစ်အုပ်ချုပ်ရေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၁/၂၀၂၄**

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) မိုးမိတ်မြို့နယ်
( ခ) မဘိမ်းမြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ညောင်ဦးမြို့နယ်၌ ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရန် ရေဂါလန် ၃၀၀၀ ဖြန့်ဝေလှူဒါန်း



ညောင်ဦး ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေး အတွက် ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့ မြင့်မြတ်သူစေတနာ သွေးလှူရှင်နှင့် လူနာတင်ယာဉ် ကူညီမှုအသင်းက ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ကျေးရွာနေပြည်သူများအား ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ လှူဒါန်းပေးရာတွင် ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ်ကူညီမှုအသင်းမှ အဖွဲ့ဝင်ဦးအောင်ငြိမ်းဦးဆောင်သော ပရဟိတအသင်းသားများက သောက်သုံးရေလိုအပ်နေသည့် ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာရှိ

စာမျက်နှာ ၅ ကော်လံ ၃ သို့ ❂



# မာလဲနတ်တောင်ရေလှောင်တမံမှ ယခုနှစ် နွေစပါးနှင့် အခြားသီးနှံစိုက်ကေများအတွက် ရေများစတင်ပေးဝေ

မန္တလေး ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ မာလဲနတ်တောင်ရေလှောင်တမံမှ နွေစပါးနှင့် အခြားသီးနှံစိုက်ကေ ၂၈၅၀ အတွက် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ စိုက်ပျိုးရေများ စတင်ပေးဝေစိုက်ပျိုးနေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ

**အဂတိသည် ဆင်းရဲမွဲတေခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းများ၏ အကြောင်းတရားများအနက် တစ်ခုဟု ဆိုကြသည်။ သို့သော် ၎င်းအဂတိသည် ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများတွင်လည်း အဘယ့်ကြောင့် အမြစ်တွယ်လှိုက်စားတတ်သော မကောင်းမှုကြီးတစ်ခု ဖြစ်နေရပြန်သနည်း။**
ဆောင်းပါး စာမျက်နှာ » ၆

**အောင်ဇေယျတောရဓမ္မရိပ်သာ ဆရာတော်ဦးဆောင်သော အောင်ဇေယျ သာသနာပြုအဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို**
စာမျက်နှာ » ၈

**ဂျပန်နိုင်ငံ၌ ဟိုက်ဒရိုဂျင်လောင်စာသုံးရထား စမ်းသပ်ပြေးဆွဲ**
စာမျက်နှာ » ၁၃

**သောကအပူငြိမ်းလို့ရယ် စစ်မှုထမ်းကြမယ် ...**
စာမျက်နှာ » ၁၄

ကြေးမုံ

# သင်ခန်းစာများဖြင့် နိုင်ငံတိုးတက်ရေးရှေးရှု

မြန်မာနိုင်ငံသည် ရှေးကာလများစွာက နိုင်ငံတကာအလယ်တွင် ဂုဏ်ရှိန်မြင့်မားပြီး ထည်ဝါစွာရပ်တည်ခဲ့သော နိုင်ငံဖြစ်သည်။ ကိုလိုနီလက်အောက် မရောက်မီအချိန်အထိ အနောက်နိုင်ငံများက တန်ဖိုးထားလေးစားခဲ့ပြီး ဒေသတွင်းနိုင်ငံများကြား၌ အောင်လံတလူလူလွှင့်ထူခဲ့သော နိုင်ငံဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက်တွင် အရှေ့တောင်အာရှ၌ ထင်ပေါ်ကျော်ကြားသောနိုင်ငံဖြစ်သည်။

သို့သော် လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလတွင် အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများက တစ်နေ့တခြားတိုးတက်လာခဲ့ပြီး မြန်မာနိုင်ငံသည် ခေတ်ကာလများအလိုက် တိုးတက်မှုများနှေးကွေးလာပြီး ဒေသတွင်းနိုင်ငံများအကြားတွင် တိုးတက်မှုအနည်းဆုံးနိုင်ငံဖြစ်လာသည်ကိုတွေ့ရမည်ဖြစ်သည်။ တိုးတက်လာသောနိုင်ငံများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ နိုင်ငံအုပ်ချုပ်သူတို့၏ စီမံခန့်ခွဲမှုကောင်းမွန်မှု၊ နိုင်ငံသူနိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုနှင့် ကြိုးစားအားထုတ်မှုတို့ အရှိန်အဟုန်ဖြင့်ကောင်းမွန်နေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးကာလမှစ၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်မှာ ယနေ့ထက်တိုင်အောင်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေး၌သဘောထားကွဲလွဲမှုများ၊ အာဏာထူထောင်လိုမှုများ၊ စီမံခန့်ခွဲမှုအလွဲအမှားများ၊ ပညာတတ်အရင်းအမြစ်များ ပြုန်းတီးပျက်ပြားမှုများ၊ သွေးခွဲသပ်လျှိုမှုများ၊ စည်းလုံးညီညွတ်မှု လျော့နည်းလာမှုများ၊ နိုင်ငံအကျိုးကို လျစ်လျူရှု၍ ကိုယ်ကျိုးစီးပွားရှာဖွေမှုများ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လိုမှု အားနည်းချက်များ စသည့်လိုအပ်ချက်များစွာတို့ကြောင့် နိုင်ငံသည် ရှေ့သို့မတက်လှမ်းနိုင်ဘဲ တုံ့ဆိုင်းနောက်ကျကျန်ခဲ့သည်ဟုဆိုနိုင်သည်။

"နိုင်ငံတော်အနေဖြင့် ခေတ်အလိုက် တိုးတက်မှုများရှိခဲ့သော်လည်း ခေတ်ပြိုင်နိုင်ငံများဖြစ်သည့် အခြားနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံအချို့တို့၏နောက်တွင် တဖြည်းဖြည်းကျန်ခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိခဲ့ပြီး အတွက်အချက်ပညာရပ်နှင့် စက်မှုပညာရပ်တို့တွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ခြင်းမရှိခဲ့ဘဲ နောက်တွင်ကျန်နေခဲ့ကြောင်း၊ ယင်းအချက်အလက်များကိုအခြေခံ၍ သင်ခန်းစာဖော်ထုတ်ကာ နိုင်ငံအကျိုးအတွက် ဆောင်ရွက်ကြရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။ တည်တံ့ခိုင်မြဲသည့် ရေမြေပိုင်နက်နယ်နိမိတ်နှင့် အစဉ်အလာကြီးမားသည့် ခိုင်မာသောသမိုင်းကြောင်းများရှိခဲ့သည့်နိုင်ငံဖြစ်သည်။ မြေပေါ်မြေအောက်သယံဇာတများ ပေါများကြွယ်ဝပြီး စိုက်နိုင်ပျိုးနိုင်၊ လုပ်နိုင်ကိုင်နိုင်သည့် ရေခံမြေခံကောင်းများရှိသည်။ သို့သော် အဓိကကျသည့် လူတို့၏စိတ်ဓာတ်နှင့်ခံယူချက်၊ လုပ်ကိုင်မှုစွမ်းပကားနှင့် စည်းလုံးညီညွတ်မှု၊ နိုးကြားတက်ကြွမှု၊ မိမိနိုင်ငံနှင့် မိမိလူမျိုးကို ချစ်မြတ်နိုးမှု၊ မိမိနိုင်ငံနှင့် မိမိလူမျိုး တိုးတက်ကြီးပွားလိုမှု စသည့် စိတ်ဓာတ်နှင့် လုပ်ကိုင်ဆောင်ရွက်နိုင်မှုများ အားနည်းသောကြောင့် တိုးတက်မှုနှင့် အလှမ်းဝေးနေသည်ဟု ဆိုနိုင်သည်။

အဓိကမှာ စီမံခန့်ခွဲမှုကောင်းမွန်မှု၊ စည်းလုံးညီညွတ်မှုနှင့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေးဖြစ်သလို နိုင်ငံအတွက် ကြိုးစားအားထုတ်လိုမှု အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရန်ဖြစ်သည်။ အရေးအကြီးဆုံးမှာ နိုင်ငံတည်ငြိမ်အေးချမ်းရေးဖြစ်ပြီး နိုင်ငံတော်အတွက် အဓိကကျသည့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားများ ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့်ရည်မှန်းချက်များ၊ ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတိုးတက်ရေး၊ ဖွံ့ဖြိုးရေး၊ ကောင်းမွန်ရေးကိုရှေးရှု၍ စည်းလုံးညီညွတ်မှုဖြင့် လက်တွဲပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အယူအဆသဘောထားများ ကွဲပြားခြားနားသော်လည်း နိုင်ငံဖွံ့ဖြိုးရေး၊ လူမျိုးတိုးတက်ရေးကိုရှေးရှု၍ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ကြပါက မိမိတို့လိုလားချက်များလည်း ပြည့်ဝလာမည်ဖြစ်သည်။ တိုင်းပြည်လည်းသာယာဝပြောပြီး နိုင်ငံတကာအလယ်တွင် တင့်တယ်စွာရပ်တည်နေထိုင်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့သည် တစ်ချိန်သောကာလက လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံကြေမွပျက်စီးခဲ့ပြီး ဒေသတွင်းနိုင်ငံများ၌ နောက်ဆုံးအဆင့်ရောက်ခဲ့သော်လည်း ယခုအခါ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ရှေ့တန်းသို့ရောက်လာပြီကို မြန်မာနိုင်ငံအနေဖြင့် သင်ခန်းစာယူရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် တစ်ချိန်သောကာလက အရှေ့တောင်အာရှတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သော်လည်း နိုင်ငံရေးအရ မညီညွတ်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများ၊ စည်းလုံးညီညွတ်မှုပြိုကွဲမှုများကြောင့် နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ခြင်းမရှိတော့ဘဲ နောက်ကျကျန်နေပြီကို သင်ခန်းစာဖော်ထုတ်၍ မြန်မာနိုင်ငံ ပြန်လည်တိုးတက်လာနိုင်ရေး ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၂၆ / ၂၀၂၄**

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း အား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ငါးနှစ်သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၃၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈- ၂ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၂၂၃ | ၁,၈၇၃,၂၀၀ |
| MTSH | ၂၈၅၀ | ၂,၉၀၀ | ၅၆၁ | ၁,၆၁၆,၉၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၃ | ၂၃,၁၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၅၇၉ | ၈၈၇,၁၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၅၀ | ၁၂၅,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၁၂၀ | ၁၉၈,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

# စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၂ / ၂၀၂၄ ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၂ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ် ၁/၂၀၂၄ ဖြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအား စစ်အုပ်ချုပ်ရေးကြေညာထားသည့် မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာစစ်အုပ်ချုပ်ရေး (Martial Law)အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့်သက်ဆိုင်သည့်လုပ်ငန်းတာဝန်များကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင်ဆောင်ရွက်ရမည်-

**(က) အုပ်ချုပ်ရေး**

(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

**( ခ ) တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့်စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးကပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-

(ကက) သေဒဏ်၊
( ခခ ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
( ဂဂ ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့် ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ(၁၅) ရက်အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကိုတိုးမြှင့်နိုင်သည်။

၅။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ၊
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

---

**☆ မာလဲနတ်တောင်မှ**

အဆိုပါ နွေသီးနှံစိုက်ကေများအတွက် မာလဲနတ်တောင်ရေလှောင်တမံအတွင်း ရေမှတ်မှာ(RL) ၄၃၈ ဒသမ ၃၆ ပေ၊ ရေသိုလှောင်ပမာဏမှာ ၄၁၅၆၄ ဧကပေရှိပြီး စိုက်ပျိုးရေအတွက် အသုံးပြုနိုင်သည့်ရေပမာဏမှာ ၃၄၁၅၄ ဧကပေရှိကာ ပေးနိုင်သည့် ဧကပေကို တွက်ချက်ပြီး ယင်းရေလက်ကျန် ပမာဏပေါ်မူတည်၍ စဥ့်ကူးမြို့နယ်တွင် ယခုနှစ်နွေစပါး လျာထားစိုက်ဧက ၈၇၉ ဧက၊ နွေနှမ်းစိုက် ဧက ၁၉၇၁ ဧကတို့အတွက် စိုက်ပျိုးရေများပြည့်ဝစွာ စတင်ပေးဝေနေပြီး စိုက်ပျိုးနေကြကြောင်း သိရသည်။

"တောင်သူတွေအတွက် စိုက်ပျိုးရေများ ပြည့်ဝစွာ ပေးနိုင်အောင် မာလဲနတ်တောင်တူးမြောင်းစနစ်ကို အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ထားရှိပါတယ်။ ပြီးခဲ့တဲ့မိုးစပါးရာသီမှာ မြောင်းရေဆုံးသည်အထိ ရေပေးဝေနိုင်ခဲ့ပါတယ်။ နောက်ဆို မိုးရွာသွန်းမှုပေါ်မူတည်ပြီး တောင်သူတွေအတွက် စိုက်ပျိုးရေတွေကို ပြည့်ဝစွာ ပေးဝေသွားမှာပါ။ ယခုနွေသီးနှံစိုက်ဧက ၂၈၅၀ အတွက်လည်း စိုက်ပျိုးရေပေးဝေနေပါပြီ။ ယခုနှစ်နွေသီးနှံတွေအတွက် တမံအတွင်းရှိတဲ့ ရေပေါ်မူတည်ပြီး ရေပေးရတာဖြစ်တာကြောင့် အထူးသဖြင့် မြောင်းအရင်းပိုင်းကို အဓိကဦးစားပေး ပေးဝေသွားမှာပါ။ တောင်သူတွေအနေနဲ့ကလည်း ရေကိုစနစ်တကျနဲ့ ချွေတာသုံးစွဲကြဖို့လိုပါတယ်။ ဒါမှရေတွေ အလေအလွင့်မရှိဘဲ အဆင်ပြေစွာ သုံးစွဲနိုင်ကြမှာပါ။ နွေ၊ မိုးရာသီအလိုက် တောင်သူတွေအတွက် စိုက်ပျိုးရေတွေကို ပေးဝေသွားမှာပါ" ဟု ၎င်းကပြောသည်။

ထိုမာလဲနတ်တောင်ရေလှောင်တမံမှ ရေပေးဝေနိုင်မှုအတွက် စနစ်တကျအဆင့်မြှင့်တင်ပြီး ဖြစ်၍ ဆည်ရေသောက်ဧရိယာအတွင်းရှိ ကေများအတွက် အပြည့်အဝပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ယင်းရေလှောင်တမံမှ တောင်သူများအတွက် အဓိကအနေဖြင့် မိုးသီးနှံနှင့် နွေသီးနှံတို့ကို ပေးဝေစိုက်ပျိုးနေကြောင်း၊ အဆိုပါ စိုက်ပျိုးရေများကို မာလဲကျေးရွာ၊ နတ်တောင်ကျေးရွာ၊ လက်ပန်လှ၊ ဝါးရုံကုန်း၊ ရှောက်ပင်ရိုး၊ ခူလယ်၊ ကုက္ကို၊ စဥ့်ကူး(၂)၊ ငွေတောင်နှင့် မင်းရွာ စသည့်ကျေးရွာများတွင် ဆည်ရေအပြည့်အဝရရှိပြီး စိုက်ပျိုးနေကြကြောင်း သိရသည်။

**မောင်အေးချမ်း**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးအတွက် Country Task Force on Monitoring and Reporting – CTFMR နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက် ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံကိန်းများ တိုးမြှင့်အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အောက်မြန်မာပြည်ရုံးခွဲ (စိမ်းလဲ့မေ)၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တက်ရောက်အမှာစကားပြောကြားသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ သဘောသဘာဝသည် အရင်းအနှီးများပြားပြီး စွန့်စားလုပ်ဆောင်ရမှုလည်းကြီးမားကြောင်း၊ ခေတ်မီနည်းပညာများ အသုံးပြုခြင်းဖြင့်သာ စွန့်စားလုပ်ဆောင်ရမှု (Risk)ကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများပြားသဖြင့် ပြည်တွင်းသာမက နိုင်ငံတကာ အဖွဲ့အစည်းများကိုပါ ဖိတ်ခေါ် ဆောင်ရွက်ကြရပါကြောင်း၊ **ရေရှည်လုပ်ငန်းဖြစ်သည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်ရသည်ဖြစ်၍ နှစ်ဖက်သဘောတူစာချုပ်စာတမ်းများ ချုပ်ဆိုဆောင်ရွက် ကြရာတွင် နိုင်ငံတော်အတွက်ဆုံးရှုံးနစ်နာမှုမရှိစေရေး သက်ဆိုင်ရာ နယ်ပယ်တွင် ကျွမ်းကျင်သည့် ဥပဒေပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်၍ သေချာသည့် စည်းနှောင်မှုများဖြင့် ချုပ်ဆိုနိုင်ရန် အရေးကြီးကြောင်း၊ နိုင်ငံတော်၏ စွမ်းအင်အရင်းအမြစ်များသည် ကန့်သတ်ချက်ရှိသည့် Limited Resource များဖြစ်၍ ကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ရှိသူများ ဖြစ်သည့်အားလျော်စွာ သတိကြီးစွာထား၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း။**

သဘာဝ ဓာတ်ငွေ့များကို ကုန်ကြမ်းအနေဖြင့် အသုံးပြုနေခြင်းထက် ရေရှည်တွင် ထုတ်ကုန်အဖြစ်ပြောင်းလဲ ထုတ်လုပ်သွားရန် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုလက်ရှိ သဘာဝဓာတ်ငွေ့ထုတ်လုပ်ပေးလျက်ရှိသည့် ကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်းများသည် နှစ်ကာလ ကြာမြင့်ပြီဖြစ်သဖြင့် အချို့စီမံကိန်းများသည် ထွက်ရှိမှုလျော့နည်း ကျဆင်းလာနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိစီမံကိန်းများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ဆောင်ရွက်ဆဲစီမံကိန်းများကို သတ်မှတ်ထားသည့် အချိန်အတွင်း ပြီးစီးရေး၊ စီမံကိန်းအသစ်များ ထပ်မံဖော်ဆောင်နိုင်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဦးဆောင် ညွှန်ကြားရေးမှူး၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကုန်းတွင်းနှင့် ကမ်းလွန်စီမံကိန်းများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ရေတိုရေရှည် ဆောင်ရွက်သွားမည့် အစီအမံများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၌ တပ်ခွဲအဆင့် ငလျင်ဇာတ်တိုက်လေ့ကျင့်

**ပုသိမ် ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် တပ်ခွဲအဆင့် ငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း အနီးကပ်ကြီးကြပ်မှုဖြင့် Assessment Search and Rescue Level (ASR Level) အဆင့်ငါးဆင့်ဖြင့် အဆင့်လိုက်ရှာဖွေကယ်ဆယ်ဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရရှိလာသည့် လူနာများအား စိုးရိမ်ရလူနာ(အနီရောင်)၊ မစိုးရိမ်ရလူနာ (အဝါရောင်)၊ သာမန်ထိခိုက်ဒဏ်ရာရ လူနာ(အစိမ်းရောင်)၊ သေဆုံးလူနာ (အနက်ရောင်) စသည်ဖြင့်သတ်မှတ်၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် အမျိုးသမီးများက EMS (Emergency Medical Service) ဆောင်ရွက်ခြင်း၊ လူနာများအား နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်ခြင်း၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးရှိ Command & Control Center က ကွပ်ကဲဆောင်ရွက်ခြင်းတို့ကိုအဆင့်လိုက် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ တပ်ခွဲအဆင့် ငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်းတွင် တပ်ခွဲမှူးများအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ဇော်မျိုးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူရတို့က ဦးစီးပြီး တိုင်းဒေသကြီးတွင် အသင့်စုဖွဲ့ထားသည့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၁၆ ဦးက ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သံအမတ်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနနှင့် စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် သံအမတ်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနနှင့် စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲသည် ဒုတိယအကြိမ်အဖြစ် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ကြုံတွေ့ကြရသည့် အခက်အခဲနှင့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြစေလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် တာဝန်ကျေပွန်မှု၊ စွမ်းဆောင်ရည်ထက်မြက်မှု၊ လေ့လာသင်ယူမှု၊ ကြိုးစားအားထုတ်မှုနှင့် ဆက်ဆံရေးကောင်းမွန်မှုရှိရန် လိုအပ်ကြောင်း၊ မှန်ကန်မျှတသည့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်းတို့ဖြင့် ပျော်ရွှင်အောင်မြင်သည့် လုပ်ငန်းခွင်ကို ဖန်တီးတည်ဆောက်နိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဝန်ထမ်းများက လိုအပ်ချက်များနှင့် အကြံပြုချက်များကို တင်ပြကြရာ သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# (၂၉)ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော် ဖေဖော်ဝါရီ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ (၂၉)ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှုညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ Park Royal Hotel ၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် Ms. Sara Binyoh ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းနိုင်ငံများအကြား စံပြနမူနာကောင်းဖြစ်ခဲ့ကြောင်း၊ ယနေ့ကျင်းပသော အစည်းအဝေးသည် မြန်မာ-ထိုင်းနှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၏ အဓိကအပိုင်းတွင် ပါဝင်သော ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး လူကုန်ကူးခံရသူများကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀၀ ခန့်နှင့်ညီမျှသော ပြန်လည်ထူထောင်ရေးထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများကို ဂေဟာတွင် လက်ခံစောင့်ရှောက်ခြင်း၊ ပြင်ပအလုပ်အကိုင်များ ရှာဖွေပေးခြင်း၊ ထောက်ပံ့ငွေနှင့် လျော်ကြေးငွေများရရှိအောင် ကူညီဆောင်ရွက်ပေးခြင်းတို့အတွက် လူကုန်ကူးခံရသူများကိုယ်စား မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအစိုးရကို အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် Ms. Sara Binyoh က လူကုန်ကူးမှုပြဿနာသည် လူသားများ၏ အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာချိုးဖောက်စေသည့် ပြဿနာဖြစ်သည့်အတွက် ထိုင်းနိုင်ငံအစိုးရအနေဖြင့် လူကုန်ကူးမှုပြဿနာ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီးနိုင်မည့် နည်းလမ်းများနှင့် ဖြစ်ပေါ်လာသည့် လူကုန်ကူးမှုပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုပါ ကဏ္ဍအလိုက် ပြင်ဆင်မွမ်းမံဆောင်ရွက်လျက်ရှိသည့်အပြင် လူကုန်ကူးခြင်းခံရသူများကို ထိုင်းနိုင်ငံအစိုးရအနေဖြင့် ဥပဒေ၊ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းနှင့်အညီ ကြည့်ရှုစောင့်ရှောက်ထားလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် (၂၉)ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပပြီး အစည်းအဝေးဆုံးဖြတ်ချက် ၁၃ ချက်ကို အတည်ပြုနိုင်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညှိနှိုင်းအစည်းအဝေးအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိတ္ထီလာမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနိုင်ရေး အသိပညာပေးဟောပြော

မိတ္ထီလာ ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနိုင်ရေး



အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အခြေခံပညာအလယ်တန်းကျောင်း(ရှမ်းမငယ်)၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် အခြေခံပညာအလယ်တန်းကျောင်း(ရှမ်းမငယ်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိဝင်းက စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းမှ သင်ယူပြီးမြောက်ပါက ဆက်လက်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း (ဖလံကျင်း)ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စိုက်ပျိုးရေးဘာသာရပ်နှင့် မွေးမြူရေးဘာသာရပ်များမှ မိမိတို့စိတ်ဝင်စားသည့် ဘာသာရပ်များကို ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

❂ ရှေ့ဖုံးမှ

ကျေးရွာနေပြည်သူများအတွက် ရေဂါလန် ၃၀၀၀ အား အိမ်ထောင်စု လူဦးရေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြသည်။

အလားတူ သောက်သုံးရေလှူဒါန်းပေးခြင်းကို ယမန်နေ့က ညောင်ဦးမြို့နယ် ရွှေလှိုင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သောက်သုံးရေ အဆင်ပြေစေရန် ရေဂါလန် ၃၀၀၀ အား ရေသယ်ယာဉ်ဖြင့် သွားရောက်ဖြည့်ဆည်းလှူဒါန်းပေးခဲ့ကြောင်း အဆိုပါပရဟိတအသင်းမှ အဖွဲ့ဝင် ဦးအောင်ငြိမ်းက ပြောသည်။

ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ် ကူညီမှုအသင်းအနေဖြင့် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များ၏ ပံ့ပိုးလှူဒါန်းမှုဖြင့် နှစ်စဉ် ပွင့်လင်းရာသီကာလရောက်တိုင်း ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေ လိုအပ်နေသော ကျေးရွာများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများကို နေ့စဉ် ရေသယ်ယာဉ်များဖြင့် သွားရောက်ဖြည့်ဆည်းလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားမှ ရယူအပ်ရာသင်ခန်းစာများ

# သားသမီးမကောင်းမိဘခေါင်းနှင့် အကျိုးစီးပွားအခြေခံအဂတိကပ်ဆိုက်မှု

**အဂတိသည် ဆင်းရဲမွဲတေခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းများ၏ အကြောင်းတရားများအနက် တစ်ခုဟု ဆိုကြသည်။ သို့သော် ၎င်းအဂတိသည် ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများတွင်လည်း အဘယ့်ကြောင့် အမြစ်တွယ်လိုက်စားတတ်သော မကောင်းမှုကြီးတစ်ခု ဖြစ်နေရပြန်သနည်း။**

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အဂတိနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ဆက်စပ်မှုမရှိလေဟန် နားလည်နေကြသော်လည်း ဒီမိုကရေစီနှင့် လစ်ဘရယ်ဆန်သော အနောက်နိုင်ငံများတွင် အဂတိကို အားနည်းချက်တစ်ခုအဖြစ် ပြည်သူလူထုက ရှုံ့ရှာစက်ဆုပ်လာနေကြသည်ကို သတိထားမိလာကြသည်။ ဖွံ့ဖြိုးပြီးအနောက်နိုင်ငံများမှာ အဂတိကင်းသည့်လူ့ဘောင်တစ်ရပ်အဖြစ် ကြွေးကြော်လျက်ကပင် အဂတိတရားများကား ထူပြောလာနေသည်။

## အဂတိတရား၏အကျိုးဆက်

ချမ်းသာသည်ထက် ချမ်းသာလိုသူ၊ အာဏာကို ထပ်ကာထပ်ကာ ဆုပ်ကိုင်ထားချင်သူများသည်လည်း လူထဲကလူတွေပင်ဖြစ်၍ အဂတိတရားနှင့် ဘယ်လိုကင်းနိုင်ကြမည်လဲ၊ အထူးသဖြင့် အနောက်တိုင်းနိုင်ငံ့ခေါင်းဆောင်များထဲမှ အမေရိကန်သမ္မတဘိုင်ဒင်နှင့် သူ့မိသားစု၊ သူ့သားဟန်တာဘိုင်ဒင်တို့သားအဖ အရှုပ်တော်ပုံကို ဥပမာပြချင်သည်။ အဂတိတရားဆိုရာတွင် လာဘ်ပေးလာဘ်ယူသာမက ဘက်လိုက်မှု၊ မျက်နှာလိုက်မှု၊ မမျှတမှုများလည်း ပါဝင်သည်။ ကျင့်ဝတ်အားနည်းမှုနှင့် အဂတိဆက်စပ်မှုကို ဘိုင်ဒင်တို့သားအဖမှာ တွေ့ရသည်။ တရားမဝင်တာကို တရားဝင်အောင်လုပ်ခြင်းသည်ပင် အဂတိဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ဘိုင်ဒင်လို နိုင်ငံ့ခေါင်းဆောင်ပိုင်းက အဂတိတစ်ခုခုနှင့် မကင်းသည့်အခါ နိုင်ငံလည်း ကံဆိုးမိုးမှောင်ကျရပုံကို ကွက်ကွက်ကွင်းကွင်း မြင်လာရသည်။ ကိုယ့်ဆွေမျိုး၊ ကိုယ်နှစ်သက်သူကို လိုလိုလားလားအကျိုးဆောင်ပေးခြင်း၊ ကိုယ်မချစ်သည့်သူဆို အငြိုးအတေးထားပြီး လုပ်သင့်သည်ကို မလုပ်ပေးမိခြင်း၊ ခြိမ်းခြောက်ခံရ၍ လုပ်လိုက်ရခြင်း၊ အဂတိကို အဂတိမှန်းမသိလေခြင်း၊ မသိ၍လုပ်မိခြင်း အားလုံးယနေ့အမေရိကန်နိုင်ငံရေးလောကမှာ ထင်ထင်ရှားရှားတွေ့လာနေရသည်။

**ဘိုင်ဒင်သည် အမေရိကန်နိုင်ငံ့နှင့် နိုင်ငံသားတို့၏စံပြ၊ ဒီမိုကရေစီ၏ တန်ဖိုးထိုက်သူတစ်ဦးအဖြစ် ဖြစ်သင့်သော်လည်း ယခုအနေအထားမှာ ထိုသို့ဟုတ်ပုံမရ၊ အကျင့်ပျက်ခြစားမှုအရှုပ်တော်ပုံများကြောင့် ဘိုင်ဒင်၏ နိုင်ငံရေးခရီးလမ်းဆုံးရောက်ရမည့် အခြေအနေများနှင့် လာမည့် ရွေးကောက်ပွဲ ၂၀၂၄ GE မှာ ဒီမိုကရက်တစ်ပါတီအခြေမလှ ဖြစ်ရမည့်အခြေအနေများကို တွေ့မြင်နေရသည်။ သားဖြစ်သူဟန်တာ၏ ဆန္ဒာဂတိများအပေါ်မှာ တာဝန်ယူရမည့်အနေအထားများကြောင့် သားသမီးမကောင်း မိဘခေါင်းဆိုသလို နာမည်ပျက်ရသည့်အနေအထား ရောက်လာရသည်။**

ပြိုင်ဘက်ရီပတ်ဘလစ်ကင်နှင့် ထရမ့်အပေါ်မှာ မနာလိုဝန်တိုမှုနှင့် သည်းမခံနိုင်ခြင်းတို့က အမေရိကန်သမိုင်းတစ်လျှောက် တစ်ခါဖူးမှမကြုံဖူးသော နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုကို ပြိုကွဲသွားစေသည်။ အဂတိက အမေရိကန်တို့ကို အကြောက်တရားနှင့် အမုန်းတရားကိုဖြစ်စေသည်။ ကမ္ဘာ့အလယ်မှာ အမေရိကန်နှင့် ဒီမိုကရေစီဂုဏ်သတင်းများမှေးမှိန်ရပြီး အင်အားကြီးသူအဖြစ်မှလျှောကျ၊ လေးစားမှုတန်ဖိုးများ ဆုံးရှုံးနေရသည်။

> **ယခုလတ်တလောသတင်းတစ်ခုတွင်ပင် လွန်ခဲ့သောသုံးရက်ခန့်က အမေရိကန် CBS အထက်တန်းအမျိုးသမီးသတင်းထောက် ကက်သရင်းဟာရစ်ချ်ဆိုသူ အလုပ်မှ ထုတ်ပယ်ခံလိုက်ရသည့် သတင်းတစ်ခုထွက်လာသည်။ ထိုအမျိုးသမီးသည် သမ္မတဘိုင်ဒင်၏ အဂတိအမှုကို လိုက်လံစုံစမ်းနေသူဖြစ်သည်။ သမ္မတနှင့် အင်တာဗျူးအပြီးမှာ ၎င်း၏မှတ်တမ်းဖိုင်များ၊ အထောက်အထားသက်သေများ သိမ်းဆည်းခံခဲ့ရပြီး ယခုလို အလုပ်မှသံသယဖြစ်ဖွယ် ထုတ်ပယ်ခံလိုက်ရခြင်းအပေါ် မေးခွန်းများစွာ ပေါ်ထွက်လာနိုင်**

## ဟန်တာဘိုင်ဒင်၊ ယူကရိန်းနှင့် တရုတ် CNOCC အကြား ဆက်စပ်မှု

ယနေ့ အမေရိကန်နိုင်ငံ၏ အဂတိဗဟိုချက်အဖြစ် အမေရိကန်ပြည်သူတို့၏ အာရုံသည် သမ္မတဘိုင်ဒင်၏သား ဟန်တာဘိုင်ဒင်အပေါ် ပုံကျလာသည်ကိုတွေ့နေရသည်။ ယူကရိန်းစစ်ပွဲကသားဟန်တာ၏ အဂတိဖြစ်မှုကို ပိုမိုခိုင်မာသွားစေသည်ဟုဆိုကြပြီး ရုရှားနှင့်စစ်ဖြစ်မည့် proxy ကို ယူကရိန်းကို ရွေးချယ်ခဲ့ခြင်းကပင် ဟန်တာတို့သားအဖ၏ ယူကရိန်းနှင့် ဆက်စပ်နေသည့် အဂတိကြောင့်ဟု ယူဆဖွယ်ရာ Conspiracy theory တစ်ခု ပေါ်ပေါက်ခဲ့သည်မှာ သတိထားစရာဖြစ်သည်။ ထိုသီအိုရီအမှားများကိုအခြေခံ၍ သမ္မတဘိုင်ဒင်နှင့် သူ့သားအပေါ် ပြစ်တင်ဝေဖန်မှုများကို ဖန်တီးသူများဟု စွပ်စွဲခံရသည့် ယူကရိန်းနိုင်ငံရေးသမားများကိုလည်း ယူကရိန်းထောက်လှမ်းရေးက ဖမ်းဆီးအရေးယူထောင်ချပြီး အပြန်အလှန်နှိပ်ကွပ်နေကြသည်။

အမေရိကန် FBI သတင်းပေးတစ်ဦးသည် လိမ်ညာသတင်းပေးဖြန့်ဝေမှုအတွက် ယခုနှစ်အတွင်း အရေးယူခံခဲ့ရသည်။ အရေးယူခံရသူများသည် ရုရှားထောက်လှမ်းရေးအဖွဲ့ GRU ၊ သမ္မတဟောင်းထရမ့်ကို ထောက်ခံသူများ၊ အမေရိကန်သတင်းဂျာနယ်လစ်များနှင့် ကွန်ရက်ဖန်တီး၍ အပေးအယူလုပ်ခဲ့ကြပြီး ဘိုင်ဒင်နှင့် ယူကရိန်း ဆက်နွှယ်မှုကို ဖော်ထုတ်ခဲ့ကြသူများဖြစ်သည်။ မှန်သည်၊ မမှန်သည်အပထား ယခုလိုအဖြစ်အပျက်များ ထွက်ပေါ်လာရခြင်း၏အတိတ်အကြောင်းအရာများကတော့ အမှန်တကယ်ရှိခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ခုနှစ်ခန့် ထိုစဉ်က ဂျိုးဘိုင်ဒင်က ဒုသမ္မတ၊ ယူကရိန်းမှာ အမေရိကန်အကူအညီဖြင့် လာဘ်စား၊ ခြစားသည့် ဒီမိုကရေစီအစိုးရတစ်ရပ်ကို တော်လှန်ရေးဆင်နွှဲ၍ ဖြုတ်ချအပြီးမှာ နောက်တက်လာသည့် အစိုးရအောက်တွင်ရှိသည့် ယူကရိန်းဓာတ်ငွေ့ကုမ္ပဏီ Burisma ဘုတ်အဖွဲ့မှာ သူ့သား ဟန်တာဘိုင်ဒင်နှင့် ဟန်တာ၏အသိစီးပွားရေးလုပ်ငန်းရှင် ဒေဗွန်အာချာတို့နှစ်ဦး ပါဝင်ပတ်သက်ရာမှ စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ ထိုစဉ်က ဒုသမ္မတဘိုင်ဒင်ကိုယ်တိုင် ယူကရိန်းသို့သွားပြီးမှ ဘုတ်အဖွဲ့မှာ သူ့သား၏ ပါဝင်ပတ်သက်မှု စတင်ခဲ့ခြင်းဖြစ်သည်။ ပေကျင်းနှင့် ကာဇက်စတန် ဓာတ်ငွေ့တူးဖော်ရေးကိစ္စတွင် ထိုကုမ္ပဏီအနေဖြင့် ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ရအောင်လုပ်ရာမှာ ဟန်တာတို့က အဓိကဇာတ်ဆောင်များဖြစ်ခဲ့သည်။

ဘုတ်အဖွဲ့တွင် ပါဝင်မှုနှင့်ပတ်သက်၍ ဟန်တာနှင့် အာချာတို့သည် ယူကရိန်းအစိုးရအဖွဲ့ကို လာဘ်ထိုးခဲ့ကြသည်။ တရားမဝင်ငွေပေးငွေယူကိစ္စများ ကိုယ်တိုင်ပြုလုပ်ခဲ့ကြသည်။ အဂတိမကင်းသည့်အစိုးရကိုဖြုတ်ချခဲ့သည့် ယူကရိန်းအစိုးရသစ်သည် အဂတိနွံမှ ယနေ့ထိတိုင် ရုန်းမထွက်နိုင်သည်မှာ ဘိုင်ဒင်တို့သားအဖစနက်ကြောင့်လည်း ပါနိုင်သည်။ ဘိုင်ဒင်ဒုသမ္မတဘဝမှာ ယူကရိန်းကုမ္ပဏီကို စုံစမ်းစစ်ဆေးသည့်ကိစ္စနှင့်ပတ်သက်၍ ယူကရိန်းအစိုးရကို ခြိမ်းခြောက်ဖိအားပေးခဲ့ဖူးသည်။ အဂတိကင်းသည့် ယူကရိန်းအစိုးရဖြစ်လာရေး အမေရိကန်၏ ကြိုးပမ်းမှုများမှာ ဘိုင်ဒင်တို့သားအဖကြောင့် ကမောက်ကမဖြစ်ကုန်သည်ဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံတကာက စီးပွားရေးပိတ်ဆို့ထားသည့် ကုမ္ပဏီတစ်ခုနှင့် တရားမဝင်အလုပ်လုပ်နေသည့်သားအပေါ်မှာ သူ့ဖခင်နိုင်ငံတော်သမ္မတကြီးအနေဖြင့် ဘာကြောင့်မသိခဲ့၊ မတားခဲ့ပါသလဲ ။ ဟန်တာဘိုင်ဒင်သည် ကာဇက်စတန်ရှိ တရုတ်ကုမ္ပဏီ CNOCC နှင့် အကျိုးတူ ပူးပေါင်းလုပ်ခဲ့သည်။ အဂတိအမှုနှင့်သစ္စာဖောက်မှုများကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည့် ကာဇက်စတန်ဝန်ကြီးချုပ်ဟောင်းနှင့်လည်း သူငယ်ချင်းဖြစ်ခဲ့ဖူးသည်။

တရုတ်ကုမ္ပဏီ စီးပွားရေးလုပ်ငန်းရှင်များကို ယူကရိန်းကုမ္ပဏီတွင် ပါဝင်စေခြင်းဖြင့် တရုတ်အကျိုးစီးပွားတိုးတက်ရေး၌ ဟန်တာ၏ ပါဝင်ပံ့ပိုးမှုများရှိလာခဲ့ပြီး အခွန်ရှောင်ခြင်းနှင့် ငွေကြေးခဝါချမှုများလည်းရှိခဲ့ကြောင်း အထောက်အထားများ ရရှိနေပုံရသည်။ အမေရိကန်အကျိုးစီးပွားအတွက်ကိုမူ ဆုတ်ယုတ်မှုများဖြစ်စေခဲ့ကြောင်း အထောက်အထားများပေါ်ထွက်လာခဲ့ရာ ထိုကျူးလွန်မှုများသည် နိုင်ငံတော်ကို သစ္စာဖောက်သည့် ကျူးလွန်မှုများပဲမဟုတ်ပါလား။

**ယခုလတ်တလော သတင်းတစ်ခုတွင်ပင် လွန်ခဲ့သော သုံးရက်ခန့်က အမေရိကန် CBS အထက်တန်း အမျိုးသမီးသတင်းထောက် ကက်သရင်းဟာရစ်ချ်ဆိုသူ အလုပ်မှထုတ်ပယ်ခံလိုက်ရသည့် သတင်းတစ်ခု ထွက်လာသည်။ ထိုအမျိုးသမီးသည် သမ္မတဘိုင်ဒင်၏ အဂတိအမှုကို လိုက်လံစုံစမ်းနေသူဖြစ်သည်။ သမ္မတနှင့် အင်တာဗျူးအပြီးမှာ ၎င်း၏မှတ်တမ်းဖိုင်များ၊ အထောက်အထားသက်သေများ သိမ်းဆည်းခံခဲ့ရပြီး ယခုလို အလုပ်မှသံသယဖြစ်ဖွယ် ထုတ်ပယ်ခံလိုက်ရခြင်းအပေါ် မေးခွန်းများစွာပေါ်ထွက်လာနိုင်ခြေလည်း ရှိနေသည်။**

## နိုင်ငံသားကောင်းပီသသောခေါင်းဆောင်နှင့် ကောင်းမွန်သော ပင်ကိုစရိုက်ရှိသင့်

ဂျိုးဘိုင်ဒင်သည် သူ့သားနှင့်အတူ အဂတိမကင်းသည့်လုပ်ငန်းများမှာ ပါဝင်ပတ်သက်မှုတင်မက သူကိုယ်တိုင်လည်း နိုင်ငံအချို့ရှိ အဂတိကိစ္စများမှာ ထင်ပေါ်သည့် လုပ်ငန်းရှင်များနှင့်လည်း မကင်းရာမကင်းကြောင်း ငြိစွန်းမှုများရှိခဲ့ကြောင်း သိရပါသည်။ ထိုကဲ့သို့ပတ်သက်မှုများမှတစ်ဆင့် ၂၀၁၅ ခုနှစ်မှာ ရိုမေးနီးယားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဆီမှ ဒေါ်လာသုံးသန်း၊ တရုတ်ရှန်ဟိုင်း အုပ်စု CEFC မှ ဒေါ်လာရှစ်သန်းခန့်၊ ယူကရိန်းမှ ဒေါ်လာ ၆ ဒသမ ၅ သန်း၊ ရုရှားစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီး ယဲလီနာ ဘာကျူရီနာထံမှ ရို့စ်မောင့်ဆီနီကာကုမ္ပဏီမှတစ်ဆင့် ဒေါ်လာ ၃ ဒသမ ၅ သန်း စသည်ဖြင့် လက်ခံရရှိခဲ့ဖူးသည်ဟုဆိုသည်။

ဘိုင်ဒင်တို့သားအဖနှင့်ပတ်သက်သူ နိုင်ငံရေးသမားများနှင့် လုပ်ငန်းရှင်တိုင်းသည် သက်ဆိုင်ရာ ယူကရိန်း၊ ကာဇက်စတန်၊ ရိုမေးနီးယား၊ ရုရှား စသည့်နိုင်ငံတို့မှာ အဂတိအမှုများနှင့် မကင်းသူများဖြစ်နေကြပြီး အချို့မှာ အရေးယူခံကြရသူများဖြစ်သည်။ ထိုနိုင်ငံများနှင့် ပတ်သက်ရာကုမ္ပဏီများမှာ ဟန်တာဘိုင်ဒင်သည် ဒါရိုက်တာဘုတ်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်ချည်းဖြစ်သည်။ ယခုအခါ ဘိုင်ဒင်တို့မိသားစုမှာ ချမ်းသာနေသလောက် အမေရိကန်ပြည်သူများ၏အကြွေးက ဒေါ်လာ ၃၄ ဒသမ ၂၆ သန်းအထိ အလျင်အမြန်ကြီးထွားနေသည်ကိုလည်း သတိထားမိသည်။

နိုင်ငံ့ခေါင်းဆောင်နှင့် မိသားစုများအပါအဝင် နာမည်ကြီး အထင်ကရအသိုင်းအဝိုင်းများသည်

စာမျက်နှာ ၇ သို့

> **နိုင်ငံ့ခေါင်းဆောင်နှင့် မိသားစုများအပါအဝင် နာမည်ကြီးအထင်ကရအသိုင်းအဝိုင်းများသည် ပြည်သူများနှင့်လူငယ်များအတွက် ထာဝရစံပြပုဂ္ဂိုလ်များဖြစ်သင့်ပါသည်။ နိုင်ငံသားကောင်းပီသမှုနှင့် ကောင်းမွန်သောပင်ကိုစရိုက်များသည် ၎င်းတို့ကိုယ်စားပြုသောနိုင်ငံသားများအတွက် အတုယူစရာဖြစ်သင့်ပါသည်။ သမ္မတဘိုင်ဒင်၏သား ဟန်တာအနေဖြင့် အရက်အလွန်အကျွံသောက်သုံးမှုနှင့် ဆေးလိပ်၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ လူမှုရေးဆိုင်ရာ မသင့်လျော်သောအပြုအမူများနှင့် တရားမဝင်လိုင်စင်မဲ့ သေနတ် လက်နက်ကိုင်ဆောင်မှုများက အမေရိကန်လူငယ်များအတွက် စံပြဖြစ်ခဲ့ပုံမရဘဲ အတုယူစရာလည်း မဖြစ်ခဲ့ဟုဆို**

# အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ဆရာတော် ဦးဆောင်သော အောင်ဇမ္ဗူသာသနာပြုအဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသ ဦးဆောင်သော အောင်ဇမ္ဗူသာသနာပြုအဖွဲ့သည် မြန်မာနိုင်ငံ ငြိမ်းချမ်းသာယာဝပြောစေရန် ရည်ရွယ်၍ ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုကြပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆုတောင်း မေတ္တာပို့သခြင်းများ ဆောင်ရွက်ကြသည်။





## ရှင်းလင်းပြောကြား

ဦးစွာ ဆရာတော် ဦးဆောင်သော သံဃာတော် ၁၁ ပါးနှင့် အမျိုးသား အမျိုးသမီး၊ ယောဂီ ၁၀၀ ကျော်ပါဝင်သည့် အောင်ဇမ္ဗူသာသနာပြုအဖွဲ့အား ရှင်းလင်းဆောင်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက် ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်း ပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက် အောင်ဇမ္ဗူသာသနာပြုအဖွဲ့မှ အလှူရှင်များက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အတွက် အလှူငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား အောင်ဇမ္ဗူဆရာတော်က ဆက်ကပ်လှူဒါန်းသည့် ပန်းပူဇော်ပွဲကို ဘုရားရင်ပြင်တော်၌ ကျင်းပရာ ဆရာတော်ဦးဆောင်သောသံဃာ ၁၁ ပါး၊ ပင့်သံဃာအပါး ၁၀၀၊ ပင့်သီလရှင်အပါး ၁၀၀၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ အမျိုးသား အမျိုးသမီး၊ ယောဂီ ၁၀၀ ကျော်နှင့် ဘုရားဖူးပြည်သူတို့က ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး နမောတဿ၊ သရဏဂုံ (၃) ပါးနှင့် ဂုဏ်တော် (၉) ပါး ရွတ်ဖတ်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော် ဦးဆောင်သော သံဃာတော် ၁၁ ပါးနှင့် ပင့်သံဃာအပါး ၁၀၀ တို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာများနှင့်အညီ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြပြီး ခန္ဓသုတ်ရွတ်ဖတ်ပူဇော်ကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော် ဦးဆောင်သော သံဃာ ၁၁ ပါး၊ ပင့်သံဃာအပါး ၁၀၀၊ ပင့်သီလရှင်အပါး ၁၀၀၊ အမျိုးသား အမျိုးသမီး ယောဂီ ၁၀၀ ကျော်နှင့် ဘုရားဖူးပြည်သူတို့က မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား တရုတ်နိုင်ငံမှ မှာယူထားသည့် Tiger လီလီပန်း၊ ပဲပန်း၊ ပန်းချယ်ရီပန်း၊ ကာနေးရှင်းပန်း၊ နှင်းဆီပန်း၊ ဖယောင်းပန်း၊ ဘောလုံးပန်း၊ နှင်းချယ်ရီပန်းနှင့် ကြယ်ပန်း စသည့် ပန်းကိုးမျိုးတို့ဖြင့် လှပစွာ ပေါင်းစပ် ဖန်တီးထားသည့် အကျယ် ၆၈ ပေ၊ အနံ ရှစ်ပေရှိသည့် Flower Wall၊ သစ်သီးကိုးမျိုးနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ကြ၍ တရားဘာဝနာပွားများခြင်း၊ ဆုတောင်းမေတ္တာပို့သ၍ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် အောင်ဇမ္ဗူသာသနာပြုအဖွဲ့မှ ဒါယကာ ဒါယိကာမတို့က ဆရာတော် ဦးဆောင်သော ပင့်သံဃာတော်အပါး ၁၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား ဝတ္ထုငွေများ လောင်းလှူကြသည်။

ထို့နောက် ဆရာတော် ဦးဆောင်သော အောင်ဇမ္ဗူသာသနာပြုအဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ အနုပညာလက်ရာကွဲပြားစွာ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက် ၂၄ ဆောင်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ ကျောက်စာရုံ စေတီတော်အဆူ ၇၂၀၊ အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီးတို့ကို လေ့လာဖူးမြော်ကြသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ် ပြင်စာစံပြကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်စာစံပြကျေးရွာ ပြင်စာမစိုးရိမ်တိုက်သစ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ပဋ္ဌိပတ္တိပါလကျောင်းဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

## စီစဉ်ဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၁၂၈ ပါးနှင့် ဒေသခံပြည်သူ ၂၀ တို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများက စိတ္တပါလဗုဒ္ဓဝိပဿနာဗိမာန်တော်သို့ သွားရောက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝါသေဌာဘိဝံသနှင့် ပြင်စာမစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တခေမိန္ဒတို့အား ဖူးမြော်ကြည်ညိုပြီး သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပဲခူးမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၂၈



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၅၆ ဦး၊ အုပ်ချုပ်သူ သုံးဦး၊ ဆေးအကူ နှစ်ဦး စုစုပေါင်း ၆၁ ဦး တို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိသာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများအား ယခုလို ကြားသိခဲ့ရသည်-

ကျွန်တော်ကတော့ ပဲခူးမြို့ကလာတာပါ။ ပဲခူးတိုင်းဒေသကြီးရဲ့ အငြိမ်းစားဝန်ထမ်းတွေကိုယ်စားပြု လာရောက်ခြင်းဖြစ်ပါတယ်။ မာရဝိဇယဘုရားကို ပဲခူးတိုင်းဒေသကြီးရဲ့ အစီအစဉ်နဲ့ ယာဉ်ကအစ လိုအပ်တဲ့စားသောက်စရာပါ အားလုံးကို စီမံဆောင်ရွက်ပေးလို့ ကျွန်တော်တို့ အငြိမ်းစားများအဖွဲ့က ကျေးဇူးတင်ပါတယ်။ ဒီမာရဝိဇယ ဘုရားကြီးကို သယ်တာကအစ တီဗီမှာလည်း ဖူးမြော်ရပါတယ်။ အခုဒီမှာကြတော့လည်း ထပ်ပြီးဖူးမြော်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ သက်တမ်း တစ်ခုလုံးမှာ ဒီလိုတစ်ခါမှ မတွေ့ဖူးပါဘူး။ အံ့မခန်းဖြစ်ရပြီး ပညာရှင်တွေကပါ သက်ဆိုင်ရာအဖွဲ့ အစည်းအဆင့်ဆင့် ဦးဆောင်မှုတွေက အင်မတန်မှ ကောင်းမွန်တယ်ဆိုတဲ့အကြောင်း ပြောပြချင်ပါတယ်။ တစ်သက်နှင့်တစ်ကိုယ် ဖူးမြော်ခွင့်ရတယ်ဆိုတာက ရင်ထဲမှာ ဝမ်းနည်းသလို ပျော်သလို အင်မတန်ခံစားရပါတယ်။ ဒီလိုပီတိမျိုးဆိုတာ တစ်သက်မှာ တစ်ခါခံစားရတာပါ။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေကို ကျွန်တော်တို့က ဒီလိုမျိုးတွေ ကြည့်ရှုခြင်းအားဖြင့် ဘုရားသာသနာ အတွင်းမှာ ကျွန်တော်တို့က လူလားမြောက်အောင် လူ့အခွင့်အရေးတွေ မဆုံးရှုံးအောင်ကြိုးစားအားထုတ်ရမယ့် အနေအထားမျိုးကို ပိုပြီးတော့ သံဝေဂတွေ ရတာပေါ့။ ကျွန်တော်တို့ လူသားဆိုတာ အချိန်တန် အိုမယ်၊ နာမယ်၊ သေမယ် ဒီအရေးသုံးပါးကို အချိန်တန်ဖြစ်ရတော့မယ်။ ဒီတော့ ဘုရားက ငါတို့အသက်ရှိတုန်း ဖူးမြော်ရတယ်ဆိုတဲ့အကျိုးကျေးဇူးကို တန်းဖိုးဖြတ်လို့မရပါဘူး။ အခုလို ပို့ဆောင်ပေးတဲ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးလည်း အထူးတင်ပါတယ်ဆိုတဲ့ အကြောင်းပြောကြားလိုပါတယ်။

ဘုရား ဖူးမြော်လိုက်ရတော့ ရင်အေးသွားတယ်။ နောက်ပြီးတော့ ခေါင်းလောင်းကြီးမှာ ကြေးစည်ထုတော့ ဗိုလ်ချုပ်မှူးကြီးနာမည် သွားတွေ့တယ်။ ကျွန်တော်တို့တွေ စိတ်အေးချမ်းသလို သူလည်း စိတ်အေးချမ်းပါစေ။ မိသားစုတွေ။ တိုင်းသူပြည်သားတွေလည်း စိတ်အေးချမ်းပါစေလို့ ဆုတောင်းမိပါတယ်။ သာသနာအတွက်ရော၊ နိုင်ငံတော်အတွက်ရော၊ ပြည်သူအတွက်ရော ဗိုလ်ချုပ်မှူးကြီးမိသားစု အတွက်ရော၊ ကျန်းမာ ချမ်းသာပြီးတော့ တိုင်းပြည်အကျိုး၊ နိုင်ငံ့အကျိုး၊ သာသနာ့အကျိုး စောင့်ရှောက်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

အလွန်ပဲ ဝမ်းသာကြည်နူးရပါတယ်။ လာရောက်ပြီးတော့ ပို့ပေးတဲ့သူတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီမှာ လက်တွေ့ ဖူးမြော်လိုက်ရတော့ ကြည်နူးပြီး စိတ်ချမ်းသာပါတယ်။ တကယ်ဆို ကိုယ့်ဘာသာဆို ငွေကြေးကြောင့်၊ ကျန်းမာရေးကြောင့် လာနိုင်မှာမဟုတ်ပါဘူး။ လာရောက် ဖူးမြော်ဖို့ဆိုတာ အိမ်မက်တောင် မမက်ပါဘူး။ နောက်ကိုလည်း ခဏခဏ လာရောက် ဖူးမြော်ရပါစေလို့ ဆုတောင်းပါတယ်။ မဖူးမြော်ရသေးတဲ့ ရပ်နီးရပ်ဝေးက သူများအားလုံး လာရောက်ဖူးမြော်နိုင်ပါတယ်။ ကြည်နူးရပါတယ်။ အေးချမ်းပါတယ်။ စိတ်လည်းချမ်းသာရပါတယ်။လာရောက်ဖူးမြော်ကြပါလို့ တစ်နိုင်ငံလုံးကို ဖိတ်ခေါ်ပါတယ်။ **သတင်းစဉ်**







# မှော်ဘီမြို့နယ်ရှိ သီလရှင်စာသင်တိုက် ၃၇ ကျောင်းအား ဆွမ်းဆန်တော်၊ ဆီနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း



မှော်ဘီ ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ဇနီးများနှင့် အလှူရှင်များ ပူးပေါင်း၍ မှော်ဘီမြို့နယ်နှင့် ထန်းတပင်မြို့နယ်များအတွင်းရှိ သီလရှင်စာသင်တိုက် ၃၇ ကျောင်းအား ဆွမ်းဆန်တော်၊ ဆီနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပွဲကို မှော်ဘီမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာနခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ မှော်ဘီမြို့နယ် ပုညာရာမသီလရှင်စာသင်တိုက်နှင့် အဘွားများရိပ်သာ ကျောင်းတိုက် မြို့နယ်သီလရှင်အမှုဆောင်ဥက္ကဋ္ဌ ဒေါ်ပုညစာရီထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ကြွရောက်လာသော သီလရှင်ဆရာကြီး၊ ဆရာလေးများထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်သည်။

ဆက်လက်၍ မှော်ဘီမြို့နယ်နှင့် ထန်းတပင်မြို့နယ်များအတွင်းရှိ သီလရှင်စာသင်တိုက် ၃၇ ကျောင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၏ ဇနီး၊ စည်ပင်သာယာရေးဝန်ကြီး၏ဇနီး၊ စီးပွားရေးရာဝန်ကြီး၏ဇနီး၊ အတွင်းရေးမှူး၏ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ လေးကျွန်းသူအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီဒေါ်သီတာစန်း၊ အမျိုးသမီးအားကစားဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆွမ်းဆန်တော်၊ ဆီနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**

# ပူတာအိုမြို့နယ်၌ သမိုင်းဝင်ကောင်းမှုလုံစေတီ၊ ရွှေစည်းခုံစေတီပုံတူနှင့် ရွှေတိဂုံစေတီပုံတူ ဘုရားပတ်လမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၆၀၄ ဒသမ ၁၂၅ သန်းဖြင့် ဆောင်ရွက်ခဲ့သော ကချင်ပြည်နယ် ပူတာအိုမြို့နယ် သမိုင်းဝင်ကောင်းမှုလုံစေတီ၊ ရွှေစည်းခုံစေတီပုံတူနှင့် ရွှေတိဂုံစေတီပုံတူ ဘုရားပတ်လမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယနေ့တွင် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ်အတွင်း လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သာသနာရေးလုပ်ငန်းနှင့် တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ရေးလုပ်ငန်း စသည့် ဖွံ့ဖြိုးရေးလုပ်ငန်း ၃၄ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၅၄၈၈ ဒသမ ၈၈၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၈၆)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံကြက်ခြေနီအသင်း (၈၆)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့် ဒုတိယဥက္ကဋ္ဌ၊ အချိန်ပြည့်၊ အချိန်ပိုင်းအလုပ်အမှုဆောင်များ၊ နီးနွယ်ဝန်ကြီး ဌာနများမှ ဖိတ်ကြားထားသူများ၊ ကြက်ခြေနီ ဗဟိုကောင်စီဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပိုမိုအားကောင်းပြီး အရေးကြီးသည့် မူဝါဒများနှင့်လမ်းညွှန်ချက်များကို ချမှတ်နိုင်ရန် ယခုညီလာခံသက်တမ်းတွင် တာဝန်ယူ ဆောင်ရွက်ပေးနေကြသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့်တကွ အလုပ်အမှုဆောင်များ၊ ကောင်စီဝင်များအားလုံးအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်မည့် ကြက်ခြေနီလုပ်ငန်းများအတွက် အားသာချက်၊ အားနည်းချက်များကို ယခုအစည်းအဝေးတွင် စနစ်တကျ သုံးသပ်ဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်က အတည်ပြုပြဋ္ဌာန်းပေးထားသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေပါ လူသားချင်း စာနာထောက်ထားမှုနယ်ပယ်တွင် နိုင်ငံတော်၏ အရန်အင်အားဖြစ်သည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ အချိန်ကာလများနှင့် သဘာဝဘေးအန္တရာယ်ဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါကဲ့သို့သော ဘေးအန္တရာယ်များအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရာတွင်ကြက်ခြေနီစေတနာလုပ်အားရှင်များက ဒေသအလိုက်ပါဝင်ကူညီလှုပ်ရှား ဆောင်ရွက်ပေးနေကြသည်ကိုလည်း တွေ့မြင်ခဲ့ရကြောင်း၊




ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများတွင် ဆက်လက်ကူညီနိုင်ရန်အတွက် ကြက်ခြေနီစေတနာလုပ်အားရှင် အင်အားပိုမိုတိုးပွားရန် လိုအပ်သကဲ့သို့ လူငယ်ကြက်ခြေနီ စေတနာလုပ်အားရှင်များ တိုးပွားပါဝင်လာရန်လည်း အလွန်လိုအပ်ကြောင်း၊ လူငယ်များကို အခြေခံဖွဲ့စည်းထားသည့် အသင်းဖြစ်သည်နှင့်အညီ လူငယ်အားကိုယူရမည်ဖြစ်သည့်အတွက် နီးနွယ်ဝန်ကြီးဌာနများဖြစ်သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက် သွားရန်မှာကြားလိုကြောင်း၊ ထို့ပြင် မြို့နယ်ကြက်ခြေနီအသင်းခွဲများသည်လည်း အခြေခံပညာကျောင်းများတွင် အသင်း၏နည်းဥပဒေပါ ကျောင်းကြက်ခြေနီအသင်းခွဲ ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာ အခြေခံပညာကျောင်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်းသိရှိရပြီး လူငယ်ရေးရာဦးစီးဌာနကပြုလုပ်သည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများ၊ နိုင်ငံတကာ ဆွေးနွေးပွဲများတွင် လူငယ်ကြက်ခြေနီစေတနာလုပ်အားရှင်များ ပါဝင်တက်ရောက် ဆွေးနွေးခွင့်ရခြင်းသည်လည်း လူငယ်များအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကြက်ခြေနီစေတနာလုပ်အားရှင် အင်အားတိုးပွားအောင် စည်းရုံးသွားရန် လိုအပ်ကြောင်း၊ စည်းရုံးသည့်အခါတွင်လည်း စေတနာလုပ်အားရှင် (Volunteer) စိတ်ဓာတ်ကိုအခြေခံသည့် အသင်းသူအသင်းသားများကို ရွေးချယ်သွားရန်အရေးကြီးကြောင်း၊

ယနေ့ခေတ် ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလာပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုများလည်း ကြီးမားသည့်အတွက် အသင်းအဆင့်ဆင့်တိုင်းတွင် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးအသိပညာ ဗဟုသုတတိုးပွားရေးအပိုင်းများကို ပိုမိုဆောင်ရွက်ရန်လိုအပ်သဖြင့် ဗဟိုကောင်စီဝင်များအနေဖြင့် မိမိတို့တတ်နိုင်သည့်ဘက်က ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း၊ လူမှုကရုဏာလုပ်ငန်းဆိုသည် အပြောလွယ်သလောက် လုပ်ဆောင်မှုအပိုင်းတွင် အလွန်လေးနက်ကျယ်ပြန့်ပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် NGO၊ INGO မဟုတ်သော နိုင်ငံအတွင်း သက်တမ်းအရှည်ဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း (Humanitarian Organization) ဖြစ်သည်နှင့်အညီ အများအကျိုးအတွက် အစီအစဉ်ကောင်းများ ချမှတ်ကာ စည်းစနစ်ကျကျ ထိရောက်စွာ ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သို့မှသာ အသင်း၏ ပုံရိပ်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

**နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးရှေးရှု**

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အမျိုးသားအဆင့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် မိမိတို့က ဦးဆောင်ရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက မူလအခြေခံကြက်ခြေနီ စိတ်ဓာတ်များလျော့ပါးသွားမည်ဖြစ်ကြောင်း၊ **ထို့ပြင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို ဆောင်ရွက်သည့်အခါတွင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးရှေးရှု၍ ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်အဖြစ် မှတ်ယူကာ အထူးအလေးထား လိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ ကြက်ခြေနီအသင်းကြီးသည် နိုင်ငံတော်၏အရေး (နိုင်ငံ့အရေး) ကိုဆောင်ရွက်နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း (Humanitarian Organization) ဖြစ်သည့်အပြင်** အသင်းက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၂၀၂၁-၂၀၂၅ မဟာဗျူဟာကိုလည်း ပြန်လည်သုံးသပ်ပြီး လိုအပ်ချက်နှင့်အညီ ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ **ဗဟိုကောင်စီဝင်ကြီးများ၏ အတွေ့အကြုံများ၊ အသိအမြင်များကို တွန်းအားအဖြစ် အသုံးပြုပြီး အသင်းသူ အသင်းသား၊ ကြက်ခြေနီစေတနာလုပ်အားရှင် လူငယ်များ၏ခွန်အားဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ပိုမိုအောင်မြင်အောင် ပုံဖော်ကြိုးပမ်းအားထုတ်ပေးကြစေလိုကြောင်း** ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က အသင်း၏ လူမှု ကရုဏာလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၈၆)ကြိမ်မြောက် ကြက်ခြေနီ ဗဟိုကောင်စီ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိခရိုင်မှ ကြက်ခြေနီစေတနာ လုပ်အားရှင်များက "အများအတွက်ကြက်ခြေနီ"သီချင်းကို စုပေါင်းသီဆိုကာ ကြက်ခြေနီလှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ပြသပြီး ပြည်ထောင်စုဝန်ကြီးက အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။


မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နီးနွယ်ဝန်ကြီးဌာနတစ်ခုဖြစ်သော ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများနှင့် ပူးပေါင်းပြီး ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းများကို အခြေခံပညာကျောင်းများရှိ ကျောင်းသူ ကျောင်းသားလူငယ် ၁၁၂၆၃ ဦးအတွက် ရှေးဦးပြုစုခြင်း အတတ်ပညာများကို သင်ကြားပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်၊ ကောလိပ်များတွင် တက္ကသိုလ်၊ ကောလိပ် ကြက်ခြေနီအသင်းခွဲ ၇၉ သင်း ဖွဲ့စည်းထားရှိကာ အသင်းဝင်အင်အား စုစုပေါင်း ၁၁၂၃ ဦးရှိကြောင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း (၈၆)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးသီးမြို့၌ မီးဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကျေးသီး ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ်ရေး ဇာတ်တိုက် လေ့ကျင့်ခြင်းကို ယမန်နေ့ ညနေပိုင်းက မြို့မဈေး၌ ပြုလုပ်ခဲ့သည်။



ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဝင်းကြိုင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်/ရှောင်ရန်အချက်များ၊ မီးသတ်ဆေးဘူး ထိန်းသိမ်းထားသိုနည်းများနှင့် အသုံးပြုနည်းများ၊ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို အသိပညာပေး ပြောကြားခဲ့သည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းနှင့် ပတ်သက်၍အရေးပေါ်မီးလောင်မှုဖြစ်ပေါ်လာပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး မရရှိနိုင်သည့်အခါ ရေစိုအဝတ်ဖြင့် အောက်ဆီဂျင်ဖြတ်တောက်၍ မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြသခြင်း၊ မီးသတ်ကားဖြင့် မြို့မဈေးအား မီးသတ်ပိုက်နှင့် ရေပစ်ငြိမ်းသတ်ပြခြင်း၊ တက်ရောက်လာကြသူများက လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးအန္တရာယ် အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက် လေ့ကျင့်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလူလှ၊ ဌာနဆိုင်ရာများ၊ မြို့သူမြို့သားများနှင့် ဈေးသူဈေးသား စုစုပေါင်း ၁၂၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာသောက်သုံးရေအတွက် ရေစုကန်နှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ကျိုက်ထို ဖေဖော်ဝါရီ ၂၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျိုက်ထိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျိုက်ထိုမြို့နယ် ဘိုရားကြီးကျေးရွာတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ဂါလန် ၅၀၀၀ ဆံ့ရေစုကန်နှင့် ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းအား ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

အဆိုပါ ကျေးရွာရေပေးရေးလုပ်ငန်းပြီးစီးပါက ကျေးရွာရှိအိမ်ခြေ ၂၀၀ ခန့်အတွက် သောက်သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်သူလူထုမှ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ ကျင်းပ

## လုံခြုံရေးတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာပစ္စည်းနှင့် ငွေကျပ် ၁၅၆ သိန်းပေးအပ်

တောင်ကြီး ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက်တပ်မတော်သားများအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ဂုဏ်ပြုပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က စားသောက်ဖွယ်ရာများနှင့် ငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။






ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်သူလူထုက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ငွေများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့များသည် အသက်ကို ပဓာနမထားဘဲ တာဝန်ထမ်းဆောင်နေသော အဖွဲ့များဖြစ်ကြောင်း၊ လိုအပ်သည့်ထောက်ပံ့မှုမျိုးကိုလည်း ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်သူလူထုအားလုံးက ပေါင်းစပ်ပြီး တာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

### ပေးအပ်

ဆက်လက်၍ စားသောက်ဖွယ်ရာများနှင့် ငွေများထောက်ပံ့ပေးအပ်ရာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အသက်စွန့်လွှတ်ခဲ့ရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာပစ္စည်းနှင့် ငွေကျပ် ၁၅၆ သိန်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် ဦးစီးအရာရှိ ပထမတန်း ပြည်သူ့စစ် ဒုတိယဗိုလ်မှူးကြီးသက်ဦးတို့က လက်ခံရယူပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် ပြည်နယ်ရဲတပ်ဖွဲ့ဝင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးက ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးကျော်ဝင်းလှိုင်က လက်ခံရယူကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် PNOအသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ) အဖွဲ့နှင့် အင်းလေးပြည်သူ့စစ်(ဌာနေ)အဖွဲ့တို့ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးတို့က စားသောက်ဖွယ်ရာပစ္စည်းနှင့် ငွေများထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း အောင်မြင်စွာဆောင်ရွက်ပြီးစီး



**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ တက်ရောက်ပညာသင်ကြားနေသော အရာရှိလောင်းများသည် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ တပ်မတော်(ရေ)မှ စစ်ရေယာဉ် (ချင်းတွင်း) ဖြင့် ရန်ကုန်-ကိုကိုးကျွန်း-ဟိုင်းကြီးကျွန်း-ရန်ကုန် ပင်လယ်ပြင် လက်တွေ့လေ့ကျင့်ခန်းခရီးစဉ်(Sea Training) ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှ အုပ်ချုပ်သူများနှင့် အရာရှိလောင်းများသည် ဖေဖော်ဝါရီ၂၃ရက်ညနေပိုင်းတွင်သီလဝါဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းသို့ ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၃) စစ်ဗျူဟာမှူး၊ အမှတ်(၂၈) ရေတပ်အခြေစိုက်စခန်းမှူး၊ ကိုကိုးကျွန်းမြို့နယ်မှ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများက နွေးထွေးစွာကြိုဆိုကြပြီး မြို့နယ်ခန်းမ၌ ကိုကိုးကျွန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုပါအဖွဲ့သည် ကိုကိုးကျွန်း ကမ်းခြေတစ်ဝိုက်ရှိ ဂျပန်ခေတ် ခံကတုတ်ဘန်ကာများနှင့် မြို့နယ်ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ဟိုင်းကြီးကျွန်းသို့ရောက်ရှိရာ ပမ္မဝတီရေတပ်စခန်းဌာနချုပ်ခန်းမ၌ ဌာနချုပ်မှူးက ဟိုင်းကြီးကျွန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြား၍ မွန်းလွဲပိုင်းတွင် အုပ်ချုပ်သူ၊ နည်းပြများနှင့် အရာရှိလောင်းများသည် စစ်သူကြီးမင်းရဲကောင်းပုံ၏ သမိုင်းဝင်နေရာ၊ ကပ္ပလီရွာကမ်းခြေအလှနှင့် မော်တင်စွန်းဘုရားသို့ သွားရောက်လေ့လာဖူးမြော်ခဲ့ကြကာ ညနေပိုင်းတွင် ပမ္မဝတီ ရေတပ်စခန်းဌာနချုပ်မှူးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှ အရာရှိလောင်းများသည် စစ်ရေယာဉ်(ချင်းတွင်း)ပေါ်တွင် Life Boat၊ Anchor များနှင့် သက်ဆိုင်သော လေ့လာမှုများ၊ အင်ဂျင်ဆိုင်ရာလေ့လာသင်ကြားမှုများ ဆောင်ရွက်ပြီး ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် သီလဝါဆိပ်ခံတံတားသို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက ကြိုဆိုခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှ တာဝန်ခံရေကြောင်းဌာနမှူး ကပ္ပတိန် ဦးကျော်ကျော်ဝင်း ဦးဆောင်ပြီး ရေကြောင်းပညာအထူးပြုဘာသာရပ် (Nautical Science)မှ ပထမနှစ်အရာရှိလောင်း ၁၂၁ ဦး၊ ဒုတိယနှစ် အရာရှိလောင်း ၉၀၊ ရေကြောင်း အင်ဂျင်နီယာအထူးပြုဘာသာရပ် (Maritime Technology)မှ ပထမနှစ် အရာရှိလောင်း ၁၂၃ ဦး၊ ဒုတိယနှစ် အရာရှိလောင်း ၈၀၊ ရေကြောင်းလျှပ်စစ်နည်းပညာ အထူးပြုဘာသာရပ်(Marine Electrical Technology)မှ ပထမနှစ် အရာရှိလောင်း ၃၈ ဦး၊ ဒုတိယနှစ် အရာရှိလောင်း ကိုးဦး စုစုပေါင်း ၄၆၁ ဦးနှင့် အုပ်ချုပ်သူ၊ နည်းပြများ ၂၀ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်းများအနေဖြင့် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း(Sea Training)တွင် ပင်လယ်ပြင်နေ့စဉ်လုပ်ဆောင်မှု (Daily Sea Routine Work)၊ ရေယာဉ်ကိုင်တွယ်ထိန်းသိမ်းရေးဘာသာရပ် (Ship Handling)၊ ကမ်းရိုးတန်းသွားလာမှု (Coastal Navigation)၊ ပင်မအင်ဂျင်များ၊ မီးစက်များ၊ ပန့်၊ မော်တာများ၊ အီလက်ထရောနစ်ပစ္စည်းများကို လက်တွေ့ကိုင်တွယ် မောင်းနှင်ခြင်းများနှင့် အရေးပေါ်မီးသတ်လေ့ကျင့်ခန်းများ အပါအဝင် သင်ကြားလေ့ကျင့်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၈**

၂၀၂၄ ခုနှစ် ဧပြီလတွင် ဆောင်ရွက်မည့် မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ စာတတ်မြောက်ရေး ပြည်နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြသည်။



**ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် စာတတ်မြောက်ရေး ပြည်နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း စာတတ်မြောက်ရေး လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်နယ်အဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် ခရိုင်၊ မြို့နယ်အဆင့်လုပ်ငန်းကြီးကြပ်မှုကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး လှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ စာတတ်မြောက်ခြင်းသည် လူတစ်ဦးတစ်ယောက်၏ ဘဝလူနေမှု အဆင့်အတန်းသာမက မိသားစု၊ ရပ်ကွက်နှင့် လူ့အဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သလို ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ပညာခေတ်တွင် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်သွားရန်လိုအပ်ပြီး ရပ်ရွာအတွင်းရှိ စာမတတ်သူများ၊ ကျောင်းမနေဖူးသူများအား စာသင်သားများစာရင်းနှင့် စာသင်ဝိုင်းစုဖွဲ့စာရင်းများ ကောက်ယူရန်နှင့် စေတနာလုပ်အားပေးနည်းပြများ စာရင်းအား ကောက်ယူနိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်နယ်အတွင်း ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ၏ စာတတ်မြောက်ရေးလုပ်ငန်းများ၊ သင်ကြားရေးအစီအစဉ်များ အဆင်ပြေချောမွေ့စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများအားလုံး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် စာတတ်မြောက်ရေး ပြည်နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က ၂၀၂၄ ခုနှစ် ဧပြီလတွင် ဆောင်ရွက်မည့် မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် စာတတ်မြောက်ရေးပြည်နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး မွန်ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်နန့်စယ်လီလှိုင်က မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်နှင့် စာသင်သားစာရင်း၊ စာသင်ဝိုင်းစုဖွဲ့မှုပုံစံများအားလည်းကောင်း၊ ရပ်ရွာအတွင်းရှိ စေတနာလုပ်အားပေးနည်းပြနှင့် ကြီးကြပ်စာရင်းကောက်ပုံစံများအားလည်းကောင်း ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသည့် စာတတ်မြောက်ရေး ပြည်နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြမှုအပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သက်နိုင် (မော်လမြိုင်)**



# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး လှိုင်သာယာမြို့နယ်များဖွံ့ဖြိုးရေး လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် သက်ဆိုင်ရာဌာနမှူးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ၁၀ ရပ်ကွက် ပါရမီလမ်း ခုပ်ဖူစားသောက်ဆိုင်ရှေ့ အင်းလျားကန်ရေဝင်ပေါက် ရေစစ်ကန်ရေမြောင်းသို့ သွားရောက်၍ ရေစစ်ကန်အတွင်းရှိ အနယ်များနှင့် ရေမြောင်းအတွင်းရှိ မြောင်းချေးများ ဆယ်ယူရှင်းလင်းခြင်း၊ ရေစစ်ကန်နှင့် ရေမြောင်းဝဲ/ယာ မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကစင်ရပ်ကွက် ဆိပ်ကမ်းသာလမ်းရှိ စူလတန်ချောင်းတံတားသို့ သွားရောက်၍ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ထားရှိမှု၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်းနှင့် တပင်ရွှေထီးလမ်းဆုံ၊ ရန်ကုန်-ညောင်တုန်းလမ်း ရေစုကန်ရေမြောင်းနှင့် တပင်ရွှေထီးလမ်းရေမြောင်းများ ရေစီးရေလာအခြေအနေ၊ ထန်းတပင်မြို့နယ် ရွှေပြည်သာတံတားလမ်းနှင့် အနော်ရထာလမ်းဆုံအဝိုင်းမှ ပေါက်တန်းရွာအထိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ထန်းတပင်မြို့နယ် ရေတွင်းကုန်းကျေးရွာ အေးချမ်းသာ (၂) ရပ်ကွက် စည်ပင်သာယာဆည်မြောင်းချောင်းနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နောက်ဘက်ရေမြောင်း ရေစီးရေလာကောင်းမွန်စေရန် မြောင်းပြန်လည်တူးဖော်ဆယ်ယူရှင်းလင်းထားမှု၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ဝင်းအတွင်း ပင်မလေးထပ်ဆောင်ရှေ့ ရေကန်မြေထိန်းနံရံတည်ဆောက်နေမှု၊ ရေကန်ပတ်လည် မြေယာရှုခင်းဆောင်ရွက်နိုင်ရန်အတွက် မြေပြုပြင်နေမှုနှင့် ယိုးဒယားဘဲစားမြက်စိုက်ပျိုးထားရှိမှု၊ ကန်ရေဖြည့်သွင်းနိုင်ရန်နှင့် အလှဆင်ရေပန်းသုံးခု မောင်းနှင်ရန် လျှပ်စစ်ဓာတ်အား ၄၆ ကီလိုဝပ် ထုတ်လုပ်နိုင်သည့် ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ် (၁) နှင့် (၂) ရပ်ကွက်အကြား တပင်ရွှေထီးလမ်းရှိ စူလတန်ချောင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချောင်းဆုံမြို့နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**ချောင်းဆုံ ဖေဖော်ဝါရီ ၂၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် MSME ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ငန်းများကို သိရှိစေရန်အတွက် မွန်ပြည်နယ်စီးပွားရေးရာဝန်ကြီး နိုင်လယိတမနှင့် ပြည်နယ်သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ယနေ့နံနက် ၉ နာရီက ကျွန်းသာယာခန်းမ၌ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးဝန်ကြီး နိုင်လယိတမက အဖွင့်အမှာစကားပြောကြားကာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ တွဲဖက်အတွင်းရေးမှူး ဦးသိန်းထိုက်က MSME ချေးငွေများ ထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ချေးငွေအဆိုပြုလွှာတင်ပြရမည့် အထောက်အထားများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းတင်ပြခဲ့ကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပေးခဲ့ကြကာ တင်ပြချက်များအပေါ် ပြည်နယ်စီးပွားရေးရာဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ဂျပန်ဝန်ကြီးချုပ်ကီရှီဒါနှင့် အမေရိကန်နည်းပညာကုမ္ပဏီ မီတာ၏ အမှုဆောင်အရာရှိချုပ် မက်ဇူကာဘတ်တို့ တွေ့ဆုံ

**တိုကျို ဖေဖော်ဝါရီ ၂၈**

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါနှင့် အမေရိကန် နည်းပညာကုမ္ပဏီ မီတာ၏ အမှုဆောင်အရာရှိချုပ် မက်ဇူကာဘတ်တို့သည် ဖေဖော်ဝါရီ ၂၇ ရက်တွင် တိုကျိုမြို့တော်၌ တွေ့ဆုံပြီး ဉာဏ်ရည်တုဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အမြင်ချင်းဖလှယ်**

ဝန်ကြီးချုပ် ကီရှီဒါနှင့် လူမှုကွန်ရက်များဖြစ်သည့် မီတာနှင့် အင်စတာဂရမ်တို့၏ အော်ပရေတာဖြစ်သော မီတာပလက်ဖောင်းပိုင်ရှင် ဇူကာဘတ်သည် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အန္တရာယ်နှင့် ပတ်သက်၍ မိနစ် ၃၀ ကြာ အမြင်ချင်းဖလှယ်ခဲ့ကြောင်း အစိုးရသတင်းရင်းမြစ်များက ဆိုသည်။

ထို့ပြင် ဂျပန်နိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်ကိုလည်း ၎င်းတို့နှစ်ဦးက ဆွေးနွေးခဲ့သည်။

မျိုးဆက်သစ် ဉာဏ်ရည်တုနယ်ပယ်တွင် အမေရိကန် နည်းပညာကုမ္ပဏီများအကြား ပြိုင်ဆိုင်မှုများ အရှိန်မြင့်တက်လျက်ရှိရာ မီတာ နည်းပညာ ကုမ္ပဏီသည် ၎င်း၏ပလက်ဖောင်း နည်းပညာများကို မြှင့်တင်ခြင်းဖြင့်၎င်း၏ နည်းပညာလုပ်ငန်းကို ပိုမိုအားကောင်းစေမည်ဖြစ်သည်။

သို့သော် လုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များကိုကာကွယ်ရန် ပြည်သူများ၏ တောင်းဆိုမှုများသည် နည်းပညာကုမ္ပဏီများအတွက် စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။





**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ဟိုက်ဒရိုဂျင်လောင်စာသုံးရထား စမ်းသပ်ပြေးဆွဲ

**တိုကျို ဖေဖော်ဝါရီ ၂၈**

ဂျပန်နိုင်ငံ၏ မီးရထားလုပ်ငန်းကုမ္ပဏီဖြစ်သည့် အရှေ့ဂျပန်မီးရထားလုပ်ငန်းသည် ၎င်း၏ ဟိုက်ဒရိုဂျင်လောင်စာသုံးရထား၏ စမ်းသပ်ပြေးဆွဲမှုကို မီဒီယာများအား ဖိတ်ကြားပြသခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။ ၎င်းကုမ္ပဏီသည် ကာဗွန်ကင်းစင်သော လူ့အဖွဲ့အစည်းကို အကောင်အထည်ဖော်ဆောင်ရာတွင် ကူညီရေးအတွက် လုပ်ငန်းများတွင် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို လျှော့ချရေး ဆောင်ရွက်နေသည်။



**ဟိုက်ဒရိုဂျင်ကန်များတပ်ဆင်ထား**

JR East သည် Toyota Motor လုပ်ငန်းနှင့် Hitachi လုပ်ငန်းတို့နှင့် ပူးပေါင်း၍ ဟိုက်ဒရိုဂျင်လောင်စာသုံး ရထားကို တီထွင်ခဲ့ခြင်းဖြစ်ကာ ယင်းရထားတွဲ ခေါင်မိုးပေါ်တွင် ဟိုက်ဒရိုဂျင်ကန်များ တပ်ဆင်ထားသည်။

၎င်းရထားသည် ဟိုက်ဒရိုဂျင်ကန်တွင် ဓာတ်ငွေ့အပြည့်ဖြည့်ထားပါက ကီလိုမီတာ ၁၄၀ ခန့် မောင်းနှင်နိုင်ကြောင်း သိရသည်။

အဆိုပါ မီးရထားကုမ္ပဏီသည် ယင်းရထားတွင် အရွယ်အစားကြီးမားသည့် ဟိုက်ဒရိုဂျင်ကန်များ တပ်ဆင်ခြင်းဖြင့် ရထား၏စွမ်းဆောင်ရည် မြှင့်တင်ရန်နှင့် ၂၀၃၀ ဘဏ္ဍာရေးနှစ်တွင် စီးပွားဖြစ်ပြေးဆွဲနိုင်ရေး ဆောင်ရွက်နေသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**

# ဂါဇာကမ်းမြောင်တွင် တိုက်ပွဲများယာယီရပ်တန့်ရန် လက်ရှိအချိန်အထိ သဘောတူညီမှုမရသေး

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၈**

အစ္စရေးနှင့် ဟားမတ်စ်တို့သည် ဂါဇာကမ်းမြောင်တွင် တိုက်ပွဲများ ယာယီရပ်တန့်ရန် လက်ရှိအချိန်အထိ သဘောတူညီမှုမရသေးကြောင်း ကြားဝင်စေ့စပ်ညှိနှိုင်းသည့် ကာတာနိုင်ငံက ယမန်နေ့တွင် ပြောကြားသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ အပြန်အလှန်စစ်ဆင်ရေးဆင်နွှဲမှုများကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၉၆ ဦး သေဆုံးခဲ့ပြီး အောက်တိုဘာလအတွင်း တိုက်ပွဲများ စတင်ခဲ့သည့်နောက်ပိုင်း သေဆုံးသူပေါင်း ၂၉၈၇၈ ဦးအထိရှိလာကြောင်း ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများလွှတ်ပေးရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ မကြာမီပြီးဆုံးမည်ဖြစ်ပြီး အပစ်အခတ်ရပ်စဲရေးကို မတ် ၄ ရက်တွင် အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ကြောင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသော်လည်း သဘောတူညီချက်မရရှိသေးကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။ သို့သော် မတ်လ ၁၀ ရက်ဝန်းကျင်တွင် အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုကို ကာတာနိုင်ငံက အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အလေးပေးပြောကြားသည်။ ဟားမတ်စ်အဖွဲ့သည် ရက် ၄၀ ကြာ အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို လက်ခံရရှိခဲ့သော်လည်း ညှိနှိုင်းမှုများဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယင်းအဆိုပြုချက်မူကြမ်းတွင် ပါလက်စတိုင်း ဖမ်းဆီးခံထားရသူ ၄၀၀ ခန့်ကို အစ္စရေးအစိုးရက လွှတ်ပေးရန်နှင့် အပြန်အလှန်အားဖြင့် ဟားမတ်စ်တို့က အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် ဓားစာခံ ၄၀ ကို ပြန်လည်လွှတ်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# ထိုင်းနိုင်ငံ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် နွေရာသီတွင် အပူချိန်မြင့်တက်မည်

**ဗန်ကောက် ဖေဖော်ဝါရီ ၂၈**

ထိုင်းနိုင်ငံသည် အယ်လ်နီညိုရာသီဥတုကြောင့် ယခုနှစ် နွေရာသီတွင် မိုးရေချိန်ပုံမှန်ထက် ၂၀ ရာခိုင်နှုန်း ကျဆင်းမည်ဖြစ်ကာ အပူချိန်မြင့်တက်လာမည်ဟု ထိုင်းမိုးလေဝသဌာနက ယနေ့တွင်ပြောကြားသည်။

နိုင်ငံအရှေ့မြောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် နေ့ခင်းအပူချိန်သည် ပျမ်းမျှအားဖြင့် ၂ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာနိုင်သည်ဟု မိုးလေဝသဌာနမှ ထုတ်ပြန်ချက်များအရ သိရသည်။

ဗန်ကောက်မြို့တော် အုပ်ချုပ်ရေးမှူး Chadchart Sittipunt က ဗန်ကောက်မြို့တော်အုပ်ချုပ်ရေးအဖွဲ့သည် အပူချိန်မြင့်တက်လာခြင်းမှ ကာကွယ်ရေးအတွက် သက်ကြီးရွယ်အိုများနှင့် ထိခိုက်လွယ်သော အုပ်စုများအတွက် အပူဒဏ်သတိပေးခြင်းအပါအဝင် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ခဲ့ကြောင်း ဗန်ကောက်မြို့တော်အုပ်ချုပ်ရေးမှူး Chadchart Sittipunt က ပြောကြားသည်။

အပူဒဏ်ကြောင့် ရေဓာတ်ခန်းခြောက်ပြီး ခန္ဓာကိုယ်အပူချိန် မြင့်မားလာစေသည်ဟု Chadchart က သတင်းစာရှင်းလင်းပွဲတွင် ထပ်လောင်း ပြောကြားခဲ့သည်။

ကလေးငယ်များအား အပူဒဏ်ကာကွယ်ခြင်းဆိုင်ရာ ပညာပေးရေးအတွက် အပူဒဏ်နှင့် စိုထိုင်းဆများဆိုင်ရာ သတိပေးဆိုင်းဘုတ်များ ထားရှိရေး ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

စာသင်ကျောင်းများတွင် အပူလျှပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးအကျိုးဆက်များကို ကျောင်းသားများအား အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**



# သီရိလင်္ကာနိုင်ငံ၌ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများအား ချေးငွေထုတ်ပေးမည်

**ကိုလံဘို ဖေဖော်ဝါရီ ၂၈**

သီရိလင်္ကာအစိုးရသည် နိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများအား ချေးငွေရူပီး ဘီလီယံ ၂၀ ထုတ်ချေးမည်ဖြစ်ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။ နိုင်ငံအတွင်း စီးပွားရေးကျဆင်းမှုနှင့် ကြုံတွေ့နေရသည့်လုပ်ငန်းများအား ယခုဆောင်ရွက်ချက်ဖြင့် ပံ့ပိုးပေးခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဗန်ဒုလာဂူနာဝါဒီနာက ပြောကြားသည်။ ယခုအစီအစဉ်ကို အာရှဖွံ့ဖြိုးရေးဘဏ်က ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းအစီအစဉ်အရ လုပ်ငန်းစတင်ဆောင်ရွက်မည့် ၎င်းအမျိုးအစားစီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းလက်ရှိဆောင်ရွက်နေဆဲလုပ်ငန်းများသည် ချေးငွေရူပီး ၁၅ ဘီလီယံရရှိမည်ဖြစ်ကာ လက်ရှိတွင် လုပ်ငန်းလုပ်ကိုင်ရန် ရုန်းကန်နေရသည့် လုပ်ငန်းများမှာ ချေးငွေ ၅ ဘီလီယံ ရရှိမည်ဖြစ်သည်။၎င်းချေးငွေများကို တရားဝင်ခွင့်ပြုထားသော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# သောကအပူငြိမ်းလို့ရယ် စစ်မှုထမ်းကြမယ် ....

မေချိုးဖြူ

**မိငယ်လေး**။ ။ မမကြီးရေ မမကြီး။ ညီမလေးတော့ မယ်သီလရှင်ဝတ်ရတော့မလား။ ယောက်ျားပဲယူရမလား။ ဘာလုပ်ရမလဲမသိတော့ဘူး။ အခုတက်နေတဲ့ သင်တန်းလည်း ပြီးအောင် ဆက်တက်ချင်သေးတယ်။ ကျောင်းကလည်း မပြီးသေးဘူး။ ကိုဗစ်ရောဂါတွေဖြစ်တာရော၊ နိုင်ငံရေးရောနဲ့ ကျောင်းကနားရသေးတယ်။ အခုလည်း စစ်မှုထမ်းရဦးမယ်ဆိုရင် မိငယ်လေး ကျောင်းရောပြီးပါဦးမလားမသိဘူး။ တစ်ခုခုတော့ လုပ်မှဖြစ်တော့မယ်။

**မမကြီး**။ ။ ဘာဖြစ်လို့လဲ မိငယ်လေးရယ်။ မထိတ်သာမလန့်သာရှိလိုက်တာ။

**မိငယ်လေး**။ ။ ဘာဖြစ်ရမလဲ မမကြီးရဲ့။ ဖေ့စ်ဘွတ်ပေါ်မှာတင်ထားတယ်။ သမီးတို့တွေ စစ်မှုထမ်းရတော့မှာတဲ့။ စစ်တိုက်ရတော့မှာလားမသိဘူး။ ကြောက်လည်းကြောက်။ စိတ်လည်းညစ်ပါတယ် မမကြီးရယ်။

**ဆွေဆွေ**။ ။ ဟုတ်တယ်၊ ဟုတ်တယ် မမကြီး။ ဆွေဆွေလည်း မနက်ကကြားခဲ့တယ်။ ဈေးထဲက မုန့်ဟင်းခါးဆိုင်မှာ ပြောနေကြတာ။ ဆွေဆွေလည်း ပြောပြမလို့ပဲ။ ဆွေဆွေလည်း စစ်တိုက်သွားရတော့မလားမသိဘူး။ အိမ်ကအမေနဲ့ မောင်လေးကို ဘယ်လိုလုပ်ရမလဲ။ ဒုက္ခတွေတော့ရောက်ကုန်ပါပြီ မမကြီးရယ်။ အခု စစ်ပွဲတွေဖြစ်နေတဲ့နေရာကို ပို့မှာတဲ့။

**မေမေ**။ ။ သမီးကြီးရေ။ ညည်းညီမတွေကို ရှင်းပြလိုက်ဦးဟေ့။ မေမေကတော့ သမီးလို လိပ်ပတ်လည်အောင် မရှင်းတတ်ဘူး။ မေမေကတော့ သမီးကြီး မနေ့က ရှင်းပြလို့ နည်းနည်းစိတ်အေးသွားပြီ။ ဒီမီးဖိုချောင်ကိစ္စတွေ မေမေ ဆက်လုပ်လိုက်မယ်။ သွားသွား။

ရုံးပိတ်ရက် အိမ်မှုကိစ္စတွေ ဝင်ကူနေတဲ့ ကျွန်မဆီကို ညီမလေးရဲ့ စိုးရိမ်တကြီးအသံနဲ့အတူ အိမ်အကူကောင်မလေး ဆွေဆွေရဲ့ ထောက်ခံစိုးရိမ်သံတွေကြောင့် လုပ်လက်စအလုပ်တွေ လက်စသတ်ပြီး ထမင်းစား စားပွဲမှာဝင်ထိုင်ကာ သူတို့ကြားခဲ့တဲ့ ကောလာဟလတွေအကြောင်းကို ရှင်းလင်းခန်းဖွင့်ရပါတော့တယ်။

**မမကြီး**။ ။ ကဲ မိငယ်လေးနဲ့ ဆွေဆွေကို မမကြီး ရှင်းပြမယ်။ အရင်ဆုံးညီမလေးတို့အသက်တွေကဘယ်လောက်ရှိပြီလဲ။

**ဆွေဆွေ**။ ။ ၂၀ ပါ မမကြီး။

**မိငယ်လေး**။ ။ ၂၃ နှစ်ပါ မမကြီး။

**မမကြီး**။ ။ အေး။ စစ်မှုထမ်းရမယ့် အသက်ထဲတော့ အကျုံးဝင်တာပေါ့။

စစ်မှုထမ်းရမယ့်အသက်က အမျိုးသားဆို အသက် ၁၈ နှစ်ကနေ ၃၅ နှစ်အထိ၊ အမျိုးသမီးဆို အသက် ၁၈ နှစ်ကနေ ၂၇ နှစ်အထိ။ နောက်ပြီး ပညာရှင်ဆို အမျိုးသားက ၄၅ နှစ်အထိ၊ အမျိုးသမီးက ၃၅ နှစ်အထိ ထမ်းဆောင်ရမှာဆိုတော့။ **ဒါပေမဲ့ လတ်တလောမှာ အမျိုးသမီးတွေကို စစ်မှုထမ်းဆောင်ဖို့ခေါ်ယူဖို့ အစီအစဉ်မရှိသေးဘူးလို့ ကြေညာတာရှိတယ်။ မမ ဆက်ပြောမှာက အမျိုးသားတွေအတွက်ရော၊ လတ်တလောကာလနောက်ပိုင်း နောင်ဖြစ်လာမယ့် အမျိုးသမီးတွေပါ အကျုံးဝင်လာမယ့်အချိန် သိထားသင့်တာတွေရော ပြောပြမှာဖြစ်တယ်။**

စစ်မှုထမ်းဥပဒေက အခုမှအတည်ပြုတာ။ အဲဒီနောက်မှာ နည်းဥပဒေတွေ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့တွေ၊ သင်တန်းပေးမယ့်နေရာတွေ၊ သင်တန်းစရိတ်စကတွေအတွက် ပြင်ဆင်စရာတွေမှ အများကြီးပဲ။ အချိန်အတိုင်းအတာတစ်ခုအထိတော့ စောင့်ရဦးမှာပါ။ စစ်မှုထမ်းရမှာက နှစ်နှစ် (၂၄ လ)၊ ကျွမ်းကျင်ပညာရှင်ဆိုရင် ၃ နှစ် (၃၆ လ)အထိ ကြာမှာလေ။

နောက်ပြီး စစ်မှုထမ်းရမယ်ဆိုဦးတော့ တစ်နိုင်ငံလုံးက ရှိရှိသမျှ အကျုံးဝင်တဲ့သူအကုန်လုံးကို တစ်ပြိုင်တည်း တာဝန်ထမ်းဆောင်ခိုင်းလို့မှမရတာ။ မမတို့ တစ်နိုင်ငံလုံးမှာ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်

> **❝ အကျုံးဝင်တဲ့သူတိုင်း စစ်မှုထမ်းရမှာမဟုတ်ဘဲ စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ကနေ ဆင့်ခေါ်ခံရရင်တောင်မှ လိုအပ်တဲ့ စိစစ်မှုတွေ၊ ဆေးစစ်ချက်တွေ အကုန်လုပ်ပြီးမှ သင့်တော်တဲ့သူကို ရွေးခေါ်မှာ။ အမျိုးသမီးတွေကို လတ်တလော စစ်မှုထမ်းခေါ်ယူဖို့ အစီအစဉ်မရှိသေးဘူးဆိုတာ ထားတော့။ နောက်ပိုင်း အကျုံးဝင်လာတဲ့ အချိန်မှာတောင် အမျိုးသမီးတွေကိုခေါ်ဖို့ အခွင့်အရေးကလည်း အမျိုးသားတွေထက် နည်းပါတယ်ကွယ် ❞**

စာရင်းအရ စစ်မှုထမ်းဖို့အကျုံးဝင်တဲ့ လူဦးရေက အနည်းဆုံး ၁၃ သန်းရှိတယ်။ အမျိုးသား ၆ ဒသမ ၃ သန်းနဲ့ အမျိုးသမီး ၇ ဒသမ ၇ သန်းရှိတယ်။ အဲဒီအထဲကမှ အမျိုးသားအရေအတွက် ၆ ဒသမ ၃ သန်းထဲကမှ တစ်နှစ်ကို အခု စခေါ်မှာက ငါးသောင်းထက်မပိုဘူး။ မမတို့နိုင်ငံမှာ ရပ်ကွက်/ ကျေးရွာပေါင်းက ၆၀၀၀၀ ကျော်ရှိတယ်။ အဲဒီတော့ တစ်ရွာမှာတစ်ယောက်၊ နှစ်ယောက်၊ တစ်ရပ်ကွက်မှ တစ်ယောက်၊ နှစ်ယောက်ထက် မပိုပါဘူးကွယ်။

**မိငယ်လေး**။ ။ ဘာလို့ တစ်နှစ်ကို ငါးသောင်းပဲခေါ်တာလဲ။

**မမကြီး**။ ။ ဘာလို့လဲဆိုတော့ စစ်မှုထမ်းတယ်ဆိုတိုင်း ရှေ့တန်းမှာ စစ်တိုက်ထွက်ခိုင်းမှာ မဟုတ်ဘူးဆိုတာကို ပထမဆုံးမှတ်ထား။ ပြီးတော့ စစ်မှုထမ်းတဲ့သူတိုင်းကိုလည်း ရော့သေနတ်၊ ရော့ကျည်။ သွား – ရှေ့တန်းကို စစ်သွားတိုက်ချည်ဆိုပြီး မလွှတ်ပါဘူး။ **စစ်ပညာသင်တန်းတွေ တက်ရဦးမယ်။** နောက်ပြီး ပညာအရည်အချင်း အဆင့်အလိုက်၊ ကျွမ်းကျင်မှုအဆင့်အလိုက် လစာ၊ ရိက္ခာနဲ့ ခံစားခွင့်အားလုံးပေးရမှာ။

လေ့ကျင့်တဲ့အခါ တပ်မတော်သားတွေ တတ်သင့်တတ်ထိုက်တဲ့ နိုင်ငံတော်ကာကွယ်ရေးပညာရပ်တွေ အားလုံးအချိန်ပေးပြီး သေချာသင်ပေးဦးမှာ။ အဲဒီလို လေ့ကျင့်မှုတွေပြီးသွားမှ အဆင့်အလိုက်၊ အရည်အချင်းအလိုက်၊ အတွေ့အကြုံအလိုက်နဲ့ ရာထူးအလိုက် တာဝန်ထမ်းဆောင်စေမှာပါကွယ်။ ဒါကြောင့် အကျုံးဝင်တဲ့သူတိုင်း စစ်မှုထမ်းရမှာမဟုတ်ဘဲ စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ကနေ ဆင့်ခေါ်ခံရရင်တောင်မှ လိုအပ်တဲ့ စိစစ်မှုတွေ၊ ဆေးစစ်ချက်တွေ အကုန်လုပ်ပြီးမှ သင့်တော်တဲ့သူကို ရွေးခေါ်မှာ။ **အမျိုးသမီးတွေကို လတ်တလော စစ်မှုထမ်းခေါ်ယူဖို့ အစီအစဉ်မရှိသေးဘူးဆိုတာထားတော့။ နောက်ပိုင်း အကျုံးဝင်လာတဲ့အချိန်မှာတောင် အမျိုးသမီးတွေကိုခေါ်ဖို့ အခွင့်အရေးကလည်း အမျိုးသားတွေထက် နည်းပါတယ်ကွယ်။**

**ဆွေဆွေ**။ ။ ဩော်...ဒီလိုလား။ ဒါနဲ့ ဆွေဆွေကလေ အမေကလည်း ကျန်းမာရေးမကောင်းတာ မမကြီးတို့အသိပဲ။ မောင်လေးကလည်း ကျောင်းနေတုန်းဆိုတော့ ဆွေဆွေ အလှည့်များ တကယ်လို့ရောက်ရင် ဘယ်လိုလုပ်မလဲဟင်။

**မိငယ်လေး**။ ။ ဟုတ်တယ်။ မိငယ်လေးလည်း ကျောင်းပြီးအောင် တက်ချင်သေးတယ်။

**မမကြီး**။ ။ **အမျိုးသမီးတွေကို လတ်တလော စစ်မှုထမ်းမခေါ်သေးဘူးမို့ ဆွေဆွေရော၊ မိငယ်လေးရော အခု ဒါကို စိတ်ပူနေစရာမလိုဘူး။ မောင်လေးအတွက် စဉ်းစားကြည့်ရင်**လည်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ကနေ ဆင့်ခေါ်ခံရရင်တောင်မှ ဆင့်ခေါ်ခံရသူတွေရဲ့ လျှောက်လွှာတွေကို စိစစ်ပြီး စစ်မှုထမ်းရမယ့် တာဝန်ကနေ ယာယီရွှေ့ဆိုင်းလို့ရမယ့် အကြောင်းအချက်လေးတွေ ရှိတယ်။ အဲဒါတွေကတော့ ဆေးစစ်ရေးဘုတ်အဖွဲ့ကနေပြီး ကျန်းမာရေးအဆင့်မမီဘူးလို့ ထောက်ခံချက်ရရှိထားတဲ့သူ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ ပညာသင်ကြားနေတဲ့သူတွေ၊ အခြားပြုစုစောင့်ရှောက်မယ့်သူမရှိတဲ့ မိအိုဖအိုတွေကို လုပ်ကျွေးနေရတဲ့သူ၊ မူးယစ်ဆေးဖြတ်ဖို့ ဆေးကုသမှုခံယူနေတဲ့သူ၊ ထောင်ဒဏ်ကျခံနေသူတွေကတော့ ယာယီရွှေ့ဆိုင်းခွင့်ရမှာပါ။

**မိငယ်လေး**။ ။ ဒါဆိုမိငယ်လေးတို့က ရွှေ့ဆိုင်းလို့ရတယ်ပေါ့နော်။

**မမကြီး**။ ။ အေး ဒါပေမဲ့ ယာယီရွှေ့ဆိုင်းတာဖြစ်လို့ နောင်တစ်ချိန်ကျ သတ်မှတ်ထားတဲ့ အသက်အရွယ်ကျော်ရင်တောင်မှ အလှည့်ကျရင် တာဝန်ထမ်းဆောင်ရမှာနော်။

**မိငယ်လေး+ဆွေဆွေ**။ ။ဟင်...ဒါပေမဲ့ ရှေ့ကသူတွေသွားတာကြည့်ပြီး ပြင်ဆင်လို့တော့ ရသွားတာပေါ့။

**မိငယ်လေး**။ ။ ဒါနဲ့ အခုအချိန်ကျမှ ဒီဥပဒေတွေ ဘာလို့ အတည်ပြုရတာလဲ။

**မမကြီး**။ ။ ဘာဖြစ်လို့လဲဆိုတော့ လိုအပ်လို့ပေါ့။ ကမ္ဘာမှာရော၊ အိမ်နီးချင်းနိုင်ငံတွေမှာပါ ဒီစစ်မှုထမ်းဥပဒေပြဋ္ဌာန်းဆောင်ရွက်နေတာကြာလှပေါ့။ စင်ကာပူတို့၊ မလေးရှားတို့၊ ထိုင်းတို့၊ လာအိုတို့မှာလည်း စစ်မှုထမ်းဥပဒေဆိုတာရှိတယ်။ လက်ရှိလည်း ကျင့်သုံးနေတယ်လေ။ နောက်ပြီး ညည်းတို့ အင်မတန်သည်းသည်းလှုပ်နေတဲ့ K-pop အဖွဲ့တွေရဲ့ ကိုရီးယားနိုင်ငံမှာလည်း ရှိတာပဲ။ သူတို့ Fan တွေဆိုရင် **အနုပညာရှင်တွေ စစ်မှုသွားထမ်းပြီဆိုရင်** ကဲကဲသဲသဲတွေတောင် လိုက်နှုတ်ဆက်ကြ၊ တွေ့ကြ၊ ပန်းစည်းတွေ၊ စားစရာတွေပေးကြ လွှမ်းကြတာ။ အဲဒါတွေကျတော့ လိုက်ခံစားပြီး ကိုယ့်အလှည့်ရောက်မှ ခေါင်းမရှောင်သင့်ပါဘူးအေ။ ညီမလေးတို့ သွားရရင်တောင် မေမေနဲ့ မမက ရေဒီယိုကနေလည်း သီချင်းတွေတောင်း၊ ဆုတောင်းစကားတွေလည်း ပြောပေးမယ်။ စားစရာသောက်စရာတွေလည်း ပို့ပေးဦးမှာ။ **ပြီးတော့ ဒါက ရေရှည်ဆောင်ရွက်သွားမယ့်ဥပဒေဖြစ်တယ်။ အခု အစိုးရလက်ထက်တင်မကဘူး၊ နောင်အစိုးရအဆက်ဆက် ဆက်လက်အကောင်အထည်ဖော်သွားမယ့် ဥပဒေဖြစ်တယ်။ ဒါကြောင့် အခုမှ အစမို့ရယ်၊ ပြင်ပကနေ မဟုတ်မမှန်လုပ်ကြံတာတွေ၊ အန္တရာယ်သိပ်ရှိတဲ့ နည်းနည်းပဲသိပြီး ကိုယ့်ဦးနှောက်ကို အကျိုးရှိရှိ အသုံးမချတဲ့သူတွေရယ်ကြောင့် ကောလာဟလမျိုးစုံပြန့်ပြီး သတင်းအမှားတွေအပေါ် စိုးရိမ်မှုတွေ၊ စိတ်ပူတာတွေဖြစ်နေကြတာပါ ညီမလေးတို့။**

> **❝ ဒါက ရေရှည်ဆောင်ရွက်သွားမယ့်ဥပဒေဖြစ်တယ်။ အခု အစိုးရလက်ထက်တင်မကဘူး၊ နောင်အစိုးရအဆက်ဆက် ဆက်လက်အကောင်အထည်ဖော်သွားမယ့် ဥပဒေဖြစ်တယ်။ ဒါကြောင့် အခုမှ အစမို့ရယ်၊ ပြင်ပကနေ မဟုတ်မမှန်လုပ်ကြံတာတွေ၊ အန္တရာယ်သိပ်ရှိတဲ့ နည်းနည်းပဲသိပြီး ကိုယ့်ဦးနှောက်ကို အကျိုးရှိရှိ အသုံးမချတဲ့သူတွေရယ်ကြောင့် ကောလာဟလမျိုးစုံပြန့်ပြီး သတင်းအမှားတွေအပေါ် စိုးရိမ်မှုတွေ၊ စိတ်ပူတာတွေဖြစ်နေကြတာပါ ညီမလေးတို့ ❞**

**ဆွေဆွေ**။ ။ အခု စစ်မှုထမ်းဥပဒေပြဋ္ဌာန်းလိုက်တော့ ဘာအကျိုးတွေရမှာလဲ၊ ဘာလို့ စစ်မှုဌာန်းဥပဒေဆိုတာရှိတာလဲဟင်။

**မမကြီး**။ ။ ဟုတ်တာပေါ့။ ဒါသိသင့်တာပေါ့။ အရင်ဆုံးတစ်ခုပြောချင်တာက ကိုယ့်မိသားစုကို ကာကွယ်ဖို့ ဘယ်သူ့မှာတာဝန်ရှိလဲ။

**မိငယ်လေး+ဆွေဆွေ**။ ။ ကိုယ့်မိသားစုကို ကိုယ်ကာကွယ်ရမှာပေါ့။

စာမျက်နှာ ၁၅ သို့ ✻

# ဘားအံမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ ကြိုဆိုထောက်ခံပွဲ ကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ ကြိုဆိုထောက်ခံပွဲကို ဘားအံမြို့ အမှတ်(၃)ရပ်ကွက်မြို့မအားကစားကွင်း၌ ယမန်နေ့နံနက် ၈ နာရီတွင် ကျင်းပခဲ့ရာ ပြည်သူ့စစ်မှုထမ်းဥပဒေထောက်ခံသူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ဟောပြော**

ပြည်သူ့စစ်မှုထမ်း ဥပဒေ ကြိုဆိုထောက်ခံပွဲတွင် ဦးအောင်စိုးသန်းက စစ်မှုထမ်းရမည့်အချိန်ကာလ သတ်မှတ်ချက်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ် သတ်မှတ်ချက်၊ အသိပညာ၊ အတတ်ပညာအလိုက်၊ ကျား/မ ခွဲခြားသတ်မှတ်ချက်များအလိုက် ထမ်းဆောင်ရမည့် တာဝန်များ ကွဲပြားကြကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်၍ အာဏာတည်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေ ရည်ရွယ်ချက်၊ ပြည်သူ့စစ်မှုထမ်းရန် အကျုံးဝင်သူ၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ ပြည်သူ့စစ်မှု ထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ စစ်မှုထမ်းခြင်းမှ ယာယီရွှေ့ဆိုင်းခွင့်ရသူများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ စသည်တို့ကို ဟောပြောပြီးနောက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ထောက်ခံပွဲတက်ရောက်လာသူ ဦးမင်းငွေထွန်းက အဆိုပါဥပဒေအား ထောက်ခံဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေထောက်ခံပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး (ဒို့အရေး)၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး(ဒို့အရေး)၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို (ထောက်ခံပါသည်) ကြွေးကြော်သံများဖြင့် အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# မြဝတီမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေ ကြိုဆိုထောက်ခံပွဲ ကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ် မြဝတီမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေ ကြိုဆိုထောက်ခံပွဲကို ယနေ့နံနက် ၈ နာရီက မြစန္ဒီပန်းခြံ၌ ကျင်းပခဲ့ရာ သံဃာတော်အပါး ၅၀ နှင့် ပြည်သူ ၅၅၀ ခန့် တက်ရောက်ကြသည်။

**ရှင်းလင်းဟောပြော**

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေ ကြိုဆိုထောက်ခံပွဲ တွင် အမျိုးဘာသာသာသနာစောင့်ရှောက်ရေး ဝံသာနုရက္ခိတအဖွဲ့မှ ဥူးသောဘိတ (ခ)စောကြယ်ဖြူနှင့် ဒေါ်သန္တာထွန်း (ခ)မဖြူတို့က နိုင်ငံသားတိုင်းသည်ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို စောင့်ထိန်းရန်၊ ပြည်တွင်းပြည်ပရန် ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခြင်းအား ထောက်ခံလိုသည့် အကြောင်းအရာများကိုလည်းကောင်း ဦးစိုင်းမျိုးညွန့်ဦး(ပရဟိတ)က ပြည်သူ့စစ်မှုထမ်းဥပဒေအား နိုင်ငံသားတိုင်းသိရှိနိုင်ရေး အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် ကြိုဆိုထောက်ခံပွဲသို့ တက်ရောက်ကြသည့် ရပ်ကွက်ငါးခုတို့မှ ပြည်သူများက ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး (ဒို့အရေး)၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး (ဒို့အရေး)၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို(ထောက်ခံပါသည်) ဟူသော ကြွေးကြော်သံများဟစ်ကြွေးပြီး ငြိမ်းချမ်းစွာဖြင့် အခမ်းအနားကို အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဇီးကုန်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေးဟောပြော

**ဇီးကုန်း ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာအသိပညာပေးဟောပြောခြင်းကို ယနေ့တွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က ပြည်သူ့စစ်မှုထမ်း ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းစနစ်ကို ကျင့်သုံးရခြင်း၏ အကြောင်းရင်းများ၊ အကျိုးခံစားခွင့်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန် အချိန်ကာလတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်း၍ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ သတင်းတု၊ သတင်းမှားများနှင့် ကောလာဟလများကို မယုံကြည်ကြစေရန် ပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။



ဆက်လက်၍ မွန်းလွဲပိုင်းတွင် ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကားလက်ကမ်းစာစောင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် လူစည်ကားရာနေရာများတွင် အခမဲ့ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပျဉ်းမနားမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြော

**ပျဉ်းမနား ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများအသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ဇီးဖြူပင်ကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုဦးနှင့် အဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းစနစ်ကျင့်သုံးရသည့် အကြောင်းရင်းများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ အကျိုးခံစားခွင့်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့်ပတ်သက်၍ သိကောင်းစရာများ၊ လူမှုကွန်ရက်စာမျက်နှာ Facebook၊ Telegram များမှ မဟုတ်မမှန်သတင်းမှားများကို မယုံကြည်ကြရန် စသည်တို့အား ရှင်းလင်းပြောကြားခဲ့သည်။



ယင်းနောက် ရပ်ကွက်/ကျေးရွာနေပြည်သူများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

✻ စာမျက်နှာ ၁၄ မှ

**မမကြီး။** ။ ဟုတ်တာပေါ့။ ကိုယ့်မိသားစုကို ကာကွယ်ဖို့ မိသားစုတိုင်းမှာ တာဝန်ရှိသလို ကိုယ့်ပြည်ထောင်စုကို ကာကွယ်ဖို့လည်း နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်။ နောက်ပြီး ဥပဒေပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက်ကလည်း တို့တာဝန်အရေးသုံးပါးဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတာတွေကို စောင့်ထိန်းဖို့ တိုင်းရင်းသားအားလုံးမှာ တာဝန်ရှိတာကြောင့် အဲဒီတာဝန်တွေကို ထမ်းဆောင်ဖို့၊ စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်ရင် စစ်မှုထမ်းဆောင်နိုင်ဖို့ ဒီဥပဒေကို ပြဋ္ဌာန်းခဲ့တာပဲ။

အကျိုးကျေးဇူးတွေအနေနဲ့ကတော့ စည်းကမ်းတကျ လုပ်တတ်ကိုင်တတ်လာမယ်၊ အဖွဲ့အစည်းနဲ့ လုပ်ကိုင်တတ်လာမယ်။ ကိုယ့်ကိုယ်ကိုယ်နဲ့ ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်တိုင်းပြည်ကို ကာကွယ်တတ်လာမယ်။ ယူတတ်ရင်တော့ အများကြီးပါပဲကွယ်။ အဓိကကတော့ ကိုယ့်တိုင်းပြည်အတွက် အရေးကြုံရင် စစ်မှုထမ်းဖို့ အသင့်ရှိနေနိုင်တာပေါ့။

**မိငယ်လေး။** ။ ဒီလိုဆိုတော့လည်း မဆိုးပါဘူးနော် ဆွေဆွေ။

**မမကြီး။** ။ ဟုတ်ပါပြီ ဒီလောက်ဆိုရင် ညီမလေးတို့ စိုးရိမ်တာလေးလည်းနည်းနည်းလျော့လောက်ရောပေါ့။ သီလရှင်လည်း ဝတ်စရာမလိုဘူး။ ယောကျ်ားလည်း ယူစရာမလိုဘူး။ ဟုတ်ပြီလား။ တော်ကြာ စစ်မှုထမ်းတာက နှစ်နှစ်ဆို ပြီးသွားမှာ။ အိမ်ထောင်ပြုလိုက်မှ တစ်သက်လုံး ပြန်အမ်းလို့မရတော့ဘူးဟေ့။

**မိငယ်လေး။** ။ ဒါနဲ့ မမကြီးက ဒါတွေ ဘယ်လိုသိတာလဲ။

**မမကြီး။** ။ ဩော်-ညည်းတို့ကသာ ဖေ့စ်ဘွတ်တွေ၊ ဘာတွေကို ကြည့်။ လိုင်းပေါ်မှာ တင်ထားတာကို ကမ္ဘာကြီး ထင်နေတာကိုး။ တီဗွီလေးလည်းကြည့်၊ သတင်းလေးဘာလေးလည်း နားထောင်ဦးပေါ့အေ။ တစ်နေကုန် ဖုန်းတစ်လုံးနဲ့ ဘဝကြီးလုပ်မနေနဲ့ဦး။ တကယ့်ကမ္ဘာကြီးက အပြင်ဘက်မှာ သူ့ဘာသာသူ ပုံမှန်လည်ပတ်နေတာဟေ့။

**မေမေ။** ။ ကဲကဲ ဒီညီအစ်မတွေ နားကြဦး။ မေမေလည်း ဟင်းတွေအကုန်ကျက်ပြီ။ နေ့လယ်စာစားကြစို့ရဲ့။ သမီးကြီးရေ အစာပိတ်လေးစားဖို့ လက်ဖက်သုပ်လေးထဲကို ငါးခြောက်ဖုတ်လေး ထည့်ဦးနော်။

ဟုတ်ကဲ့ပါ မေမေ။ ။

# တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်းဘွဲမြို့နယ်အတွင်းရှိ ဒိုင်းပြကုန်း-ပန်းတိမ်ကုန်း-သဒ္ဒိခိုလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်လှစ်

ဘားအံ ဖေဖော်ဝါရီ ၂၈

၂၀၂၄ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကျရောက်မည့် (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်းဘွဲမြို့နယ်အတွင်းရှိ ဒိုင်းပြကုန်း-ပန်းတိမ်ကုန်း-သဒ္ဒိခိုလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပခဲ့သည်။

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားကာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ဦးစောကျော်ဝင်းက လမ်းဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် ဒိုင်းပြကုန်း-ပန်းတိမ်ကုန်း-သဒ္ဒိခိုလမ်းသည် စုစုပေါင်းလမ်းအရှည် ငါးမိုင်ရှိသည့်အနက် တစ်မိုင်လေးဖာလုံအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ် ၂၄၄ ဒသမ ၅၉၇ သန်းဖြင့် ထမုအောင်ကုမ္ပဏီ မှ ၁၂ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း



လုပ်ငန်းအား အဆင့်မြင့်တင်ဆောင်ရွက် ပေးနိုင်ခဲ့သည့်အတွက် ကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ ၁၉၄၁ အိမ်နှင့် လူဦးရေ ၁၂၇၂၆ ဦးတို့အား အကျိုးပြုစေမည်ဖြစ်ကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလမ်းအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းဖွင့်ပွဲသို့ တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကာ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်၍ အဆိုပါလမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

# (၇၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

(၇၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးသို့ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက (၇၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားအား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့ ကော်မတီများမှ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက် သက်ဆိုင်ရာ ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြကြရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးထိန်ဝင်းက ရှင်းလင်းတင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရွှေဟောင်းသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကို ၁၅ ရက်တိုင်တိုင် ကျင်းပမည်

ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ တည်ထားကိုးကွယ်လျက်ရှိသော ရွှေဟောင်းသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကို မတ် ၁၀ ရက် (၁၃၈၅ ခုနှစ် တပေါင်းလဆန်း ၁ ရက်နေ့) မှ မတ် ၂၄ ရက် ( ၁၃၈၅ ခုနှစ် တပေါင်းလပြည့်နေ့)အထိ ၁၅ ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလအတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုအခါ ဘုရားဖူးလာပြည်သူများ အနေဖြင့် ပုသိမ်-ငွေဆောင် ကားလမ်းရှိ မိုင်တိုင်အမှတ် (၉၅/၆)လမ်းခွဲမှ ကတ္တရာလမ်းအတိုင်း ယာဉ်များဖြင့် စေတီတော်ကြီး၏ ရင်ပြင်တော်အထိ လွယ်ကူစွာတိုက်ရိုက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း/ပြည်ပ ဘုရားဖူးခရီးသည်များ အဆင်ပြေစွာ တည်းခိုနိုင်ရေးအတွက် စေတီတော်၏ အနောက်ဘက်ကမ်းခြေတွင် ဟိုတယ်များ ဆောက်လုပ်ဖွင့်လှစ်ထားပြီး ယာဉ်ရပ်နားစခန်းများလည်း ထားရှိပေးထားပြီ ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၇၅ | ၂၈၁၅ | ၂၈၄၀ | ၂၈၂၅ | ၂၈၀၀ | ၂၉၀၀ | ၂၉၁၅ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၅ | ၂၈၅၅ | ၂၈၅၅ | ၃၀၈၅ | ၃၁၅၀ |
| 95 Ron | ၂၈၈၅ | ၂၉၃၅ | ၂၉၃၅ | ၂၈၉၅ | ၂၉၃၅ | ၂၉၅၅ | ၂၉၄၀ | ၂၉၂၀ | ၃၀၁၅ | ၃၀၃၅ | ၂၉၂၅ | ၂၉၄၀ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၅ | ၃၂၀၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၀၅ | ၂၆၁၀ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၀ | ၂၈၈၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၁၀ | ၂၆၆၀ | ၂၆၅၅ | ၂၆၁၅ | ၂၆၅၅ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၇၆၀ | ၂၇၅၅ | ၂၆၅၀ | ၂၆၆၀ | ၂၆၉၅ | ၂၆၉၅ | ၂၆၉၅ | ၂၉၂၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၂၀ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၆၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၅ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၀ | ၂၆၇၀ | ၂၇၀၅ | ၂၇၀၅ | ၂၇၁၀ | ၂၉၄၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၁ | ၂၇၂၈ |
| 95 Ron | ၂၇၅၆ | ၂၈၄၄ |
| HSD (500 ppm) | ၂၄၄၄ | ၂၅၂၂ |
| HSD (50 ppm) | ၂၄၈၇ | ၂၅၆၆ |
| HSD (10 ppm) | ၂၄၉၉ | ၂၅၇၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မိုးညိုမြို့နယ်၌ ခရိုင်အဆင့်ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်

မိုးညို ဖေဖော်ဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မီးသတ်စခန်း၌ ခရိုင်အဆင့် ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ခရိုင်အဆင့် ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းအား သာယာဝတီခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိမ်းထွန်း ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ဇော်နှင့် ရှာဖွေကယ်ဆယ်ရေး မီးသတ်တပ်ဖွဲ့ဝင်များက အထပ်မြင့်တိုက်ပေါ်မှကြိုးဖြင့်ဆင်းနည်း၊ အထပ်မြင့်တိုက်ပေါ်မှ လူနာအားကယ်ထုတ်နည်း၊ မီးလောင်မှုကြောင့် အဆောက်အအုံအတွင်းမီးခိုးငွေ့ဖြင့် သတိလစ်နေသူအား ကယ်ဆယ်ရွှေ့ထုတ်ခြင်းနှင့် မီးငြိမ်းသတ်ခြင်း၊ တဲမီးလောင်မှုအား လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းများကို ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပရဟိတအဖွဲ့များက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကိုမင်း(ပြန်/ဆက်)**



# PDF အမည်ခံအကြမ်းဖက်သမားများက ထားဝယ်နည်းပညာတက္ကသိုလ်ရှိ ဒုတိယပါမောက္ခချုပ်အပါအဝင် သုံးဦးအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ဆင်ခြင်တုံတရားမဲ့စွာဖြင့် နည်းမျိုးစုံ အသုံးပြုလျက် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၁ နာရီခွဲခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဘုရားမဲကျေးရွာအနီး လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏ တောင်ဘက် မီတာ ၁၀၀ ခန့်အကွာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကျေးရွာ၏တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ၎င်းအဖွဲ့သည် နည်းပညာတက္ကသိုလ်(ထားဝယ်)အတွင်းသို့ ဝင်ရောက်ကာ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ကျော်အောင် အပါအဝင် သုံးဦးအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်၍ ကျောင်း၏ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသော ပညာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဆရာ ဆရာမများကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှုကျူးလွန်ရာရောက်ပြီး အဆိုပါရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာတည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသော ဆရာ ဆရာမများအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အမြန်ဆုံး ပြန်လည်ကယ်တင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်းရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ထားဝယ် နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် အပါအဝင် သုံးဦးအား PDF အကြမ်းဖက်သမားများက လာရောက်ဖမ်းဆီးခဲ့သည့်နေရာပြပုံ။




## "ကျေးလက်ရနံ့" တေးဂီတဖျော်ဖြေပွဲ-ပွဲစဉ် (၃) မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

၂၀၂၄ ခုနှစ် မတ်လ ၂ ရက်တွင်ရောက်ရှိမည့် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "ကျေးလက်ရနံ့" တေးဂီတဖျော်ဖြေပွဲ-ပွဲစဉ် (၃)ကို ၂၀၂၄ ခုနှစ် မတ် ၁ ရက် သောကြာနေ့ ည ၉ နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ Friday Night Live Show အဖြစ် တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ထပ်ဆင့်အကယ်ဒမီများရှင်ရန်အောင်၊ ဒုံချုပ်၊ ဇော်ထွေးလတ်၊ မင်းသားလေး၊ စောမြတ်နှီး၊ ဝိုင်းဝေ၊ ဘုန်းထက်နိုင်၊ သွန်း၊ ကြူကြူနိုင်၊ စောယုနန္ဒာနှင့် ရတုချိုတို့က အကအလှများနှင့် တွဲဖက်၍ သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို မတ် ၃ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မိတ္ထီလာ၌ ခရိုင်အဆင့် ငလျင်သရုပ်ပြဇာတ်တိုက်လေ့ကျင့်

မိတ္ထီလာ ဖေဖော်ဝါရီ ၂၈

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာခရိုင်မီးသတ်ဦးစီးဌာနက ပြုလုပ်သော ငလျင်သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်နံနက် ၉ နာရီက မိတ္ထီလာမြို့နယ် မီးသတ်စခန်း၌ ပြုလုပ်သည်။

ငလျင် သရုပ်ပြလေ့ကျင့်ခြင်းတွင် တပ်စုအဆင့်အင်အား ၃၅ ဦးဖြင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုများ ရှာဖွေရှင်းလင်းခြင်းနှင့် အဆောက်အအုံအတွင်း ပိတ်မိနေသော လူနာများအား အရောင်အဆင့်များ သတ်မှတ်ပြီး ဦးစားပေးအဆင့် အတန်းအလိုက် သတ်မှတ်ကာ စနစ်တကျ ရှာဖွေကယ်ဆယ်ခြင်း စသည်ဖြင့် ASR Level ငါးခုဖြင့် သဏ္ဌာန်တူ ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်သရုပ်ပြသမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီးဝင်းမင်းထွန်းက အမှာစကားပြောကြားကာ ငလျင်သရုပ်ပြခြင်းနှင့်ပတ်သက်၍ ငလျင်ဘေးအန္တရာယ်ဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အလျင်အမြန်တုံ့ပြန် ဆောင်ရွက်နိုင်ရန် ရည်ရွယ် ပြုလုပ်ခြင်းဖြစ်ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါသရုပ်ပြပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှမြို့နယ် မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်မီးသတ်

### ■ ကျောဖုံးမှ

တိုက်စစ်မှူး ဟာလန်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်အဖြစ် လိုက်ပ်ဇစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ချိန်ကလည်း မန်စီးတီးအသင်းအတွက် သွင်းဂိုးငါးဂိုးသွင်းယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

အခုလူတန်တောင်းအသင်းနဲ့ ကစားခဲ့တဲ့ အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်မှာ ငါးဂိုးသွင်းယူနိုင်ခဲ့တာကြောင့် တိုက်စစ်မှူး ဟာလန်းဟာ ဒွေးမွန်အသင်းကနေ မန်စီးတီးအသင်းကို ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း မန်စီးတီးအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၈၃ ပွဲမှာ ၇၉ ဂိုးအထိ ရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။

အခြားသောအက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်တွေမှာတော့ လက်စတာစီးတီးအသင်းက ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့ပြီး နယူးကာဆယ်အသင်းက ဘလက်ဘန်းအသင်းကို အနိုင်ရရှိခဲ့ကာ ကွာတားဖိုင်နယ်အဆင့်ကို အသီးသီးတက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

### ✪ ကမ္ဘာ့ဖလားမှ

မျှော်လင့်နိုင်မည့်ပွဲလည်းဖြစ်သည်။ ထို့ကြောင့် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပြီး ဇန်နဝါရီ ၁၀ ရက်မှ ၂၀ ရက်အထိ ပထမအကြိမ်၊ ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ဒုတိယအကြိမ် လေ့ကျင့်ထားပြီး ပြည်တွင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဂျပန်အသင်းကို အဝေးကွင်း၌ ငါးဂိုးပြတ်၊ မြောက်ကိုရီးယားအသင်းကို အိမ်ကွင်း၌ ခြောက်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ထားသည်။ ဆီးရီးယားအသင်းမှာမူ အိမ်ကွင်းနှစ်ပွဲဆက် ကစားထားပြီး မြောက်ကိုရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသော်လည်း ဂျပန်အသင်းကို ငါးဂိုးပြတ်ရှုံးနိမ့်ထားသည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MFF

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

# ကျောက်ဖြူမြို့နယ် ကျောက်တလုံးကယ်ဆယ်ရေးစခန်းမှ မွတ်စလင်အမျိုးသား ၁၀၇ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း ကောလာဟလ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျောက်တလုံးကယ်ဆယ်ရေးစခန်းမှ အသက် ၁၈ နှစ်နှင့် ၃၅ နှစ်ကြား မွတ်စလင်အမျိုးသား ၁၀၇ ဦးကို ဖေဖော်ဝါရီ ၂၇ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း ကောလာဟလသတင်းအမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ကျောက်ဖြူမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကျောက်တလုံးကယ်ဆယ်ရေးစခန်းမှ အသက် ၁၈ နှစ်နှင့် ၃၅ နှစ်အကြား မွတ်စလင်အမျိုးသား ၁၀၇ ဦးကို ဖမ်းဆီးထားသည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိသည့် ကောလာဟလ သတင်းအမှားများဖြစ်ပြီး ၎င်းတို့ကို ဖမ်းဆီးထားခြင်းမရှိကြောင်း သိရသည်။

AA သောင်းကျန်းသူများ အနေဖြင့် မွတ်ဆလင်ကျေးရွာများကို တပ်မတော်နှင့် ပူးပေါင်းခြင်းမရှိရန်၊ ၎င်းတို့ထံပါဝင်ရန် ခြိမ်းခြောက်ပြောဆိုလျက်ရှိပြီး ကျေးရွာအချို့ကို ဒလန့်ဟုစွပ်စွဲ၍ မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် တပ်မတော်မှ မွတ်စလင်လူမှုကူညီရေး အသင်းများနှင့်ပူးပေါင်းပြီး ပြန်လည်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက မွတ်စလင်များကို တပ်မတော်မှ စစ်သားစုဆောင်းနေကြောင်း ကောလာဟလ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ




လှုံ့ဆော်ဝါဒ ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်မြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ ငွေကျပ် ၃ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၅ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်မြို့နယ်နှင့် မင်းလှမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**စစ်ဆေးဖော်ထုတ်**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် နဝဒေးတံတားထိပ်တွင် ပြည်မှ ပန်းတောင်းသို့ ယာဉ်မောင်း ဟိန်းပိုင်ဦး(ခ) ကိုပိုင်(ခ) သားညီ မောင်းနှင်လာသည့် ISUZU Light Truck ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်တွင်အိမ်သုံးဆေးပုံးများနှင့် Compressor လေအိုးတို့အတွင်း သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ည ၇ နာရီခွဲက မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ပုသိမ်-မုံရွာသွား ကားလမ်း မိုင်တိုင်အမှတ်(၂၀၅) အနီးတွင် အောင်ကိုလတ်၊ ဇော်မြင့်(ခ)ရေခဲနှင့် လင်းလင်းထိုက်တို့ သုံးဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄ သိန်း၊ Bighorn ယာဉ်တစ်စီးနှင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်က စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ကျော်လှကို မင်းတုန်းမြို့ တည်းခိုခန်း၌ လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလ တန်ဖိုးငွေကျပ် ၃ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၅ သိန်းကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကိုရန်ကုန်တိုင်းဒေသကြီးမှ ရခိုင်ပြည်နယ် နယ်စပ်သို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thuzar Htwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၉)ရပ်ကွက်နေ သူဇာထွေးအား နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ "Min Thura" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်နေ မင်းသူရကျော်(ခ)အငယ်ကောင်အား ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

**၂၉-၂-၂၀၂၄ ကြာသပတေးနေ့**

### MRTV HD

- **၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနသုတ်၊ တော့ရှုံသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** လက်ဆင့်ကမ်းအမွေသာသနာ့နယ်မြေ
- **၀၉:၁၅** NRC အစီအစဉ်
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ (သင်္ချာဘာသာရပ်)
- **၁၁:၀၅** Next Level
- **၁၁:၁၅** မှန်တိုင်းကိုဆန့်ပျံသန်းကြသူများရဲ့ ရာဇဝင်(အပိုင်း-၁)
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** မှန်တိုင်းကိုဆန့်ပျံသန်းကြသူများရဲ့ ရာဇဝင်(အပိုင်း-၂)
- **၁၄:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၃၄)
- **၁၅:၂၀** ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ (ဓာတုဗေဒဘာသာရပ်)
- **၁၇:၀၅** Soccer View
- **၁၇:၂၀** လူမှုစီးပွားမြင်ကွင်းများ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၁၅** ဘယ်သူမှန်လဲအပြိုင်ကြ
- **၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၁၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၃၇)
- **၂၂:၁၀** မြန်မာဇာတ်လမ်းတွဲ 'ရပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁၃)

### mitv

- **07:01** Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
- **07:10** Attractive New Destinations of Bagan
- **07:32** Chinlone and the dreams of the player
- **07:46** Travelogue: Trekking Around Kalaw Township
- **08:01** News
- **08:27** Ramayana Classic Talk & Discussion (Episode-3)
- **08:46** Zadetgyi Island
- **09:01** Trend of Kachin Dress
- **09:27** Wet Markets of Yangon: Thirimingalar Market
- **09:36** The Yangon Zoo & The Adorable Lady Elephant "Mo Mo"
- **10:01** News

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
မာရ်ငါးပါးဘုရားဖူးကြမယ်

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ခမ်းနားထည်ဝါအင်းသားတို့ရှေးလက်ရာ

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
တောင်ပေါ်မြို့ကပြောရည်ထုံစံ

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ရှုန်းကန်လှုပ်ရှားရေးသည်ဘဝ

**ဝဏ္ဏကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သွားကျောက်ခြစ်ခြင်းနှင့် သွားကြောထုတ်ကုသခြင်း

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
စားလို့ကောင်းတဲ့ကရင်မုန့်ဖုက်ထုပ်

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အသီးအသေါ်အဝေါ်)

**ချင်း (လိုင်းစိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ရာသီပန်းများနှင့် ဖလမ်းမြို့

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
မြားတံပြုလုပ်ခြင်းနှင့် အထားအသို

**မွန် (၂၁:၀၀ မှ ၂၂:၀၀)**
နိုင်ငံစီးပွားအကျိုးပြုမွန်ပြည်နယ်ကျော်ဘာ ထုတ်လုပ်မှု

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၁၅** ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင်
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အတုမှန်းသိလျက်လက်ရှိထားမှု'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ပြည်သူအားလုံးနှင့် သက်ဆိုင်သည့် အနာဂတ်ဒီမိုကရေစီ
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၂)
- **၁၁:၃၀** ရှေ့သို့ချီမည်... ပန်းတိုင်ဆီ (အပိုင်း-၁)

### MRTV FARMERS

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၁၀** ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- **၀၆:၂၅** MSME လုပ်ငန်းစွမ်းအား နိုင်ငံ့စီးပွားအင်အား
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- **၁၈:၀၀** ဆုံးခက်တွေပျံ့နေကျလမ်းကလေးပေါ်မှာ (ဇာတ်လမ်း)
- **၂၂:၀၀** Thirteen-Lives-2022

### MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက် လမ်းပြကြယ်
- **၀၆:၄၀** Football Highlisht
- **၁၆:၃၀** MNL 2022 Match (Replay)
- **၁၈:၀၀** အားကစားသတင်း
- **၁၉:၁၅** Weekly Soccer Preview

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၃၂-လမ်း (အထက်)၊ တိုက်အမှတ် (၂၁၅) ဟုခေါ်တွင်သော ကန်ထရိုက်တာ ဦးအောင်ထွန်း (LC-33)မှဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈⅓)ထပ်တိုက်၏ အခန်းအမှတ် (၅)၊ ၃-လွှာ (ဒုတိယထပ်) (ဝဲ)၊ အကျယ်အဝန်း (၁၂⅔x၅၀)ပေရှိ တိုက်ခန်း(၁) ခန်းနှင့်ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)တွင် မူလနေထိုင်သူ ဒေါ်ခင်လန်း(ခ) ဒေါ်ငွေလှိုင် [၁၂/ပဘတ (နိုင်)၀၂၄၄၂၆]အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းကွယ်လွန်သဖြင့် သားသမီးများ ဖြစ်ကြသော ဒေါ်မီအေး [၆/မအရ(နိုင်)၀၂၈၄၃၁]၊ ဦးမောင်ဖူး[၆/မအရ(နိုင်) ၀၃၆၀၄၂]၊ ဒေါ်မီမီဆွေ(ခ)၎တ်မိ[၁၂/ပဘတ(နိုင်)၀၁၃၅၉၅]နှင့် ဦးကောင်းချောင် [၁၂/လသန(နိုင်) ၀၀၇၂၅၃]တို့မှ အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်သူရ [၁၂/တတန(နိုင်)၂၅၆၅၄၄]ကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက် အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မာမာသိန်း (LL.B) ဒေါ်နီနီဝင်း (LL.B) ဦးထွန်းသူအောင် (LL.B)**

**(စဉ်-၈၇၉၂) (စဉ်-၅၁၇၁၈) (စဉ်- ၅၅၇၆၄)**

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**

**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊**

**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၅၀၈၈၆၀၅၊ ၀၉-၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀/ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၂၇၇၊ (၂၄၀၀)စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၂၇၇)၊ အနော်ရထာလမ်း၊ ၂၀/ရွှေပေါက်ကံ၊ ဗိုလ်မှူးဘကြည်(ငြိမ်း)[၁၂/မဂဒ(နိုင်)၀၀၂၉၈၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဗိုလ်မှူးဘကြည်(ငြိမ်း) ထံမှ(၇-၅-၂၀၁၀)ရက်စွဲပါ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူ ဦးဆလိုင်းယောရှ က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတရားမကြီးမှုအမှတ်-၆၆/ ၂၀၂၃ ဖြင့် ဗိုလ်မှူးဘကြည်(ငြိမ်း)အပေါ် ပဋိညာဉ်အတိုင်းမြေကွက်အရောင်း အဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုခဲ့ရာ (၁၁-၁၂-၂၀၂၃)ရက်နေ့က အထက် ဖော်ပြပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ် ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အမိန့်ရရှိခဲ့ပြီး ယင်းတရားရုံး၏တရားမဇာရီမှုအမှတ်(၅၉/၂၀၂၃)(၅-၁-၂၀၂၄)ရက်စွဲပါ အမိန့်အရ တရားရှုံးကိုယ်စား ဘီလစ်စာရေးကြီး ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]ကဖော်ပြပါ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့်ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)

## မင်္ဂလာဒုံခရိုင်တရားရုံး

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၁၇

ဒေါ်ရီရီ နှင့်

၁။ ဒေါ်ကြည်ကြည်သန်း

၂။ ဒေါ်ကြည်ကြည်ဝင်း

၃။ ဦးအောင်သန်း

၄။ ဒေါ်ကြည်ကြည်ငွေ

၅။ ဒေါ်ခင်မာအေး(ခ)ထရီမာ

၆။ ဒေါ်ခင်မြအေး

၇။ ဦးစိုးလင်းအောင်

(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ ရောဝတီလမ်းမကြီး၊ အမှတ်(၂၅)နေ (၅-တရားပြိုင်)ဒေါ်ခင်မာအေး(ခ)ထရီမာ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “မင်္ဂလာဒုံခရိုင်တရားရုံး၊ တရားမကြီးမှု အမှတ်-၃၁၅/၂၂ တွင် အမွေဆိုင်ပစ္စည်းဟုအဆိုပြုထားသော ပေ(၈၄x၅၅) အကျယ်အဝန်းရှိ မြေထဲတွင် ပါဝင်နေသော (၁၃x၈၃)ပေ အကျယ်အဝန်းရှိ မြေတစ်စိတ်တစ်ဒေသနှင့် ယင်းမြေပေါ်ရှိနေအိမ်မှာ အမွေဆိုင်ပစ္စည်းများ မဟုတ်ကြောင်း တရားလိုသာလက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာ ပေးစေလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ (၁၅) ရက်၊ (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်) နေ့ မွန်းမတည် (၁၀:၀၀) နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အိအိမျိုး)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**မင်္ဂလာဒုံခရိုင်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၉-၂-၂၀၂၄ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ (၂၉) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ အမှတ်စဉ်(၈) ဒေါ်တင့်တင့်လွင် ၏ အရောင်းမြေပုံကူးတွင် လျှောက်ထားသူ အမည် ဒေါ်တင့်တင့်လွင် အစား ဒေါ်တင့်တင့်နွယ် ဟုအမှန်ဖတ်ရှုပါရန်။

## အမည်ပြောင်း

ပုတာအိုမြို့၊ လုံးစွတ်ရပ်ကွက်နေ ဦးရင်ထန်ဒီးရှင်းနှင့် ဒေါ်ဇမီရမ်တို့၏သား မောင်ရင်ထန်ရှောလမွန်အား မောင်ရှောလမွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဘုရားကုန်းအဆင့် (၁)၊ မြေကွက်အမှတ် (၁၅၁၆)၊ အကျယ်အဝန်း (၄၀x၆၀) ပေရှိ ဒေါ်တင်လှ [၁၂/သလန(နိုင်)၀၆၈၈၃၀] အမည်ပေါက်ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး

၂။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဘုရားကုန်းအဆင့် (၁)၊ မြေကွက်အမှတ် (၁၅၁၇)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးဩ (SRM/၁၀၂၁၁၅) အမည်ပေါက်ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး အထက်ဖော်ပြပါ မြေကွက် (၂)ကွက်အား ယခုရောင်းချသူ ဦးဇော်အောင်[၁၂/သကတ(နိုင်)၀၄၇၂၆၉] မှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် မိမိတစ်ဦးတည်း ဝယ်ယူ လက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းဝင်းမူ [၆/မအရ (နိုင်) ၀၀၀၉၈၄] မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဥမ္မာဖြိုး (LL.B)**

**အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)**

**ဖုန်း-၀၉-၂၅၀၅၁၆၉၈၀**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂/A) ရတနာလမ်းသွယ်၊ မြေကွက်အမှတ် (၄၉)၊ အကျယ်အဝန်း (၀.၀၅၅) ဧကရှိ ဦးသီဟ [၁၂/မရက(နိုင်)၁၁၂၈၆၅] အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဦးသီဟ[၁၂/မရက(နိုင်)၁၁၂၈၆၅]မှ မိမိတစ်ဦးတည်း အမည်ပေါက် လက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မင်းထွန်း [၁၃/လရန(နိုင်)၀၀၀၃၈၇]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဥမ္မာဖြိုး (LL.B)**

**အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)**

**ဖုန်း - ၀၉ ၂၅၀၅၁၆၉၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် (၇) လမ်း၊ အမှတ် (၃၂၆)၊ (၆-လွှာ) A ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂⅔x၅၀)ပေရှိ တိုက်ခန်းနှင့် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ် အားလုံး တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်းလှိုင် [၁၂/သဃက(နိုင်)၁၆၄၉၇၁] ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကောင်းမြတ် [၁၂/ စခန(နိုင်)၀၇၂၄၆၇] နှင့် ဒေါ်မြင့်သဇင် [၁၂/ဥကတ(နိုင်)၁၈၁၈၁၇] တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက ကျွန်ုပ်၏မိတ်ဆွေများဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကောင်းမြတ်နှင့် ဒေါ်မြင့်သဇင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉ ၄၅၂၄၁၆၃၀၉၊ ၀၉ ၇၈၂၀၀၆၂၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ (၈)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ် (၁၄၇/က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေ ရှိဦးသန်းမြင့် အမည် ပေါက် ပါမစ် မြေကွက်နှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ အပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အာ ဒေါ်စမ်းစမ်းအောင်[၁၂/သခန(နိုင်)၀၀၁၅၆၇]နှင့် ဦးတင်အောင် သန်းဝင်း[၁၂/ရပသ(နိုင်)၀၃၂၉၅၈]ကိုင်ဆောင်သူတို့သည် အမည်ပေါက် ဦးသန်း မြင့်၏ သားသမီးများထံမှ အရပ်ကတိ ဆက်စပ်စာချုပ်ဖြင့် ပိုင်ဆိုင်ဝယ်ယူကာ မိမိတို့သာလျှင် တရားဝင်လက်ရောက်ရယူပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဟေမာဝင်း[၁၂/ရပသ(နိုင်)၀၅၇၇၅၆၃]ထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက စာရွက်စာတမ်း(မူရင်း) အထောက်အထား စုံလင်စွာဖြင့် ယခုကြော်ငြာပါ သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဟေမာဝင်း ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**

**[၁၂/ရပသ(နိုင်)၀၅၇၇၅၆၃] တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**

**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၇၇၇၂၉၁၇၇၅ ၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၉၇-ပဲမှီကုန်း၊ မြေကွက် အမှတ် ၁၆၀/ဠ၊ ဧရိယာ(၀.၀၈၇)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၁၄/စီ၊ မဥ္ဇူလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ကိုကျော်(သေ) မလှကြီးအမည်ပေါက် B-၃(က)ရပြီး မြေအား တရားလို ဒေါ်စန်းစန်းမော်၊ ဒေါ်အေးအေးကြွယ်တို့မှ တရားပြိုင် ဒေါ်နွယ်နီကျော်ပါ (၁၀)ဦးအပေါ် အင်းစိန်မြို့နယ်တရားရုံး၊ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၄ဖြင့် မြေကွက် နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်း အဝယ်စာချုပ်မှတ်ပုံတင်ပေးပါရန်နှင့် ၃(က)လျှောက်ထားပေးစေလိုမှု၏ (၉-၁၀-၂၀၁၅)ရက်စွဲပါ အနိုင်ဒီကရီ၊ အင်းစိန် မြို့နယ်တရားရုံး၊ ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၂၂ ၏ (၁၈-၁၂-၂၀၂၃)ရက်စွဲပါအမိန့်၊ အင်းစိန်မြို့နယ် တရားရုံး၏ ၁၈-၁၂-၂၀၂၃ ရက်စွဲပါ ဘီလစ်ခန့်စာ၊ ၃(က)လက်မှတ်၊ ၂၀၁၉-၂၀၂၀ ခုနှစ် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင် ပြပြီး တရားရှုံးများကိုယ်စား ဘီလစ် ဒေါ်မိုးမိုးအေး[၁၂/အစန(နိုင်)၁၂၂၁၈၄] မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ် နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၉၈-ပဲမှီကုန်း၊ မြေကွက် အမှတ်-၁၆၀/င၊ ဧရိယာ(၀.၁၄၅)ဧက၊ မြေကွက်တည်နေရာ-၁၁၄/စီ၊ မဥ္ဇူလမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီး ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ကိုကျော်(သေ)မလှကြီး အမည်ပေါက် B-၃(က)ရပြီး မြေအား တရားလို ဒေါ်စန်းစန်းမော်၊ ဒေါ်အေးအေးကြွယ် တို့မှတရားပြိုင် ဦးလှဝင်းသွင်ပါ(၁၁) ဦးအပေါ် အင်းစိန်မြို့နယ်တရားရုံး၊ ၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၉ဖြင့် မြေကွက်နှင့်အကျိုးခံစားခွင့် အားလုံးတို့ကို ပဋိညာဉ်အတိုင်းမြေနှင့် အိမ်အရောင်းအဝယ်စာချုပ်မှတ်ပုံတင် ပေးပါရန် နှင့် ၃(က)လျှောက်ထားပေး စေလိုမှု၏ (၁၁-၅-၂၀၁၃)ရက်စွဲပါ အနိုင်ဒီကရီ၊ အင်းစိန်မြို့နယ်တရားရုံး၊ ၂၀၂၃ခုနှစ်တရားမဇာရီမှုအမှတ်-၂၃ ၏(၁၈-၁၂-၂၀၂၃)ရက်စွဲပါ ဘီလစ်ခန့် သည့်အမိန့်၊ အင်းစိန်မြို့နယ်တရားရုံး ၏ (၁၈-၁၂-၂၀၂၃)ရက်စွဲပါ ဘီလစ် ခန့်စာ၊ ၃(က)လက်မှတ်၊ ၂၀၁၉-၂၀၂၀ခု နှစ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်မူရင်း၊ နိုင်ငံသားစိစစ် ရေးကတ်တို့တင်ပြပြီး တရားရှုံးများ ကိုယ်စားဘီလစ် ဒေါ်မိုးမိုးအေး [၁၂/ အစန(နိုင်)၁၂၂၁၈၄]မှ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ VMIS Database Management System အတွက် Cluster Control Software လိုင်စင်အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံအတွင်း တရားဝင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနတွင် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါ အဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည် တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါအမှတ်** | – | Tender.25.Software (2023–2024) |
| **တင်ဒါစတင်သည့်ရက်** | – | ၂၉ -၂-၂၀၂၄ ရက်နေ့ |
| **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | – | ၆ -၃-၂၀၂၄ ရက်နေ့ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၂၀)၊ အမှတ်(၁၄၉)နေ မောင်ထွန်းလင်းဦး [၁/မကန(နိုင်)၂၆၇၀၅၃]နှင့် မောင်ထွန်းလင်း ပိုင်တို့၏မိဘများဖြစ်သည့် ဦးဇော်လင်း(ခ)ဦးစိန်လင်း[၁/မကန(နိုင်) ၂၂၉၄၆၈]သည် တစ်ဦးတည်းဖြစ်ပြီး ဒေါ်သိန်းသိန်းခိုင်(ခ)ဒေါ်ခိုင် [၁/ မကန(နိုင်)၂၆၆၄၇၁]သည် တစ်ဦးတည်းဖြစ်ပါသည်။

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်- ၆၅၆/က၊ အကျယ်အဝန်း (၂၀ ပေx၆၀ ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿက (၂၂) လမ်း၊ အမှတ် - ၆၅၆/က ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချ ခွင့်ရှိသူများဖြစ်ကြသည့် ၁။ ဒေါ်မိုးမိုး [၁၂/ဥကတ(နိုင်) ၀၈၅၂၇၂]၊ ၂။ ဒေါ်အေးအေးသိန်း [၁၂/ဗတထ(နိုင်)၀၁၇၂၆၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ် တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက် စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် မည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.) တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**

**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊**

**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း- ၀၉- ၉၆၅၁၇၈၀၁၈၊ ၀၉- ၂၅၀၀၆၀၃၁၃**

## အမှားပြင်ဆင်ချက်

(၂၇-၂-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ-၂၀ တွင် ကြော်ငြာ ခဲ့သော ဒေါ်ပြည့်ပြည့်လှိုင်ထွန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)၏ “ကန့်ကွက် နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်”တွင် ဒေါ်မေသန်းထိုက် [၁၂/မရက(နိုင်) ၀၀၂၉၅၁]၏ လွှဲအပ်ညွှန်ကြားချက်အရနေရာတွင် ဦးထက်ဝေယံကျော်[၁၂/ဒဂမ (နိုင်)၀၂၆၇၂၁]နှင့် ဒေါ်မေသန်းထိုက်[၁၂/မရက(နိုင်)၀၀၂၉၅၁]၏ လွှဲအပ်ညွှန် ကြားချက်အရဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အမှားပြင်ဆင်ကြေညာအပ်ပါသည်။

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၄)၊ ပျဉ်းမမြိုင်လမ်း၊ မြေကွက်အမှတ်(၉၂၄)ဟုခေါ်တွင်သော အကျယ် အဝန်း(၄၁ပေ x ၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၆ ထပ်တိုက် (ဟောရှိ)တိုက်ခန်းများအနက်မှ ကန်ထရိုက်တာပိုင်အခန်းဖြစ်သည့် ဒုတိယထပ်(၃) လွှာတိုက်ခန်းအမှတ်(A/3)ဟုခေါ်တွင်သောအခန်းအကျယ်အဝန်း(၁၇'x ၅၄') ရှိတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်ဖြူနှင်းဆု[၁၂/ဒဂရ(နိုင်)၀၁၃၇၃၁]မှ အမှန်တကယ် လက်ဝယ်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းမရှိ၊ အဆိုပါတိုက်ခန်းအား ရောင်းချခွင့် ရှိသောတိုက်ခန်းဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင် မြိုင် [၁၂/သဃက(နိုင်)၀၂၆၁၄၇]ထံသို့ ရောင်းချရန် ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ် ၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းချပစ္စည်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက် လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံ ခိုင်လုံသည့်အထောက် အထား စာရွက်စာတမ်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်တင်တင်ငွေ(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂)**

**အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၅၆၁၈၀၅၄၆၊ ၀၉-၄၂၆၅၉၉၂၃၂**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## (၁၁/၂၀၂၃-၂၀၂၄)ကြိမ်မြောက်စက်မှုကုန်ကြမ်းသစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **ကျွန်း/သစ်မာ သစ်လုံး/ခွဲသား (၃၂၇၉)တန်ခန့်** ကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာကျင့်သုံးလျက် အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) ရောင်းချမည့် နေ့ရက်နှင့်အချိန် - (၁၂-၃-၂၀၂၄)ရက်နေ့၊ နံနက်(၈:၃၀)နာရီမှ စတင်မည်

(ခ) ရောင်းချမည့် ဒေသများ - သစ်အခြေခံစက်မှုလုပ်ငန်းဌာန (အမှတ်-၅ အထပ်သားစက်ရုံ၊ မုံရွာ)/ ဧရာဝတီတိုင်းဒေသကြီး/ပဲခူးတိုင်းဒေသကြီး/ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/ ရှမ်းပြည်နယ်(တောင်ပိုင်း)/ရခိုင်ပြည်နယ်/ ရန်ကုန်တိုင်းဒေသကြီး

(ဂ) ရောင်းချမည့်နေရာ - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော **www.mte.com.mm** တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၄၀၇၀၃၇၁၊ ၀၁-၃၇၇၂၉၆ (သစ်အခြေခံ)များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## အများသိစေရန် ကြေညာခြင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြနန္ဒာလမ်းမကြီး၊ အမှတ်(၈၄၆)၊ ဦးရန်မြင်ဆန်(ခ)ဦးစိုးမြင့်အမည်ပေါက် ဂရန်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)ရှိမြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အမည်ပေါက်သူ ဦးရန်မြင်ဆန်(ခ)ဦးစိုးမြင့်မှတစ်ဆင့် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်နော်ကပေါ်ထူးထံမှ၊ ဒုတိယအဆင့်အရပ်ကတိစာချုပ်ဖြင့် ဒေါ်မြတ်မြတ်သူ [၁၂/ဥကတ(နိုင်)၁၅၅၁၁၃]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ အရပ်ကတိစာချုပ်များသည် မှန်ကန်ပါကြောင်း၊ ဂရန်မူရင်းနှင့် မြေစာရင်းမှန်ကန်ပါကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်စုမြတ်ချယ်လွင်[၉/မထလ(နိုင်)၂၃၀၀၀၆]သည် ဖော်ပြပါမြေအကျယ်ပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခေါင်းရင်းဘက်)(ဂရန်မိတ္တူခြမ်း)မြေအကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို(၂၈-၁-၂၀၂၄)ရက်နေ့စွဲပါ "မြေကွက်အပြီးအပိုင်လွှဲပြောင်းအရောင်းအဝယ်ပြုလုပ်ခြင်းကတိစာချုပ်"ချုပ်ဆို၍ ငွေအပြေအကျေပေးချေပြီးဝယ်ယူပိုင်ဆိုင်လျက် မြေကွက်အား လက်ရောက်လွှဲပြောင်းရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဒေါ်စုမြတ်ချယ်လွင်**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဋ)ရပ်ကွက်၊ ဣန္ဒာ(၈)လမ်း၊ အမှတ်(၇၈၃)ဟုခေါ်တွင်သော ဦးအုန်းမောင်အမည်ပေါက် နှစ်(၆၀) အငှားဂရန်မြေ၊ အလျား(၄၀)ပေxအနံ(၆၀)ပေ၏ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက်ခြမ်းဖြစ်သည့် အလျား(၁၀)ပေxအနံ(၆၀)ပေမြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသော ၁။ ဒေါ်စန်းစန်းဌေး[၁၂/ဥကမ(နိုင်) ၁၀၂၂၂၃]၊ ၂။ ဒေါ်သန်းသန်းအေး[၁၂/ဥကမ(နိုင်)၁၀၂၂၂၇]၊ ၃။ဒေါ်လွင်လွင်မော်[၁၂/ဥကမ(နိုင်)၀၁၅၀၃၀]တို့ထံမှ ကျွန်ုပ်၏အမှုသည် ဦးကျော်ကျော်မင်း[၁၂/ဥကမ(နိုင်)၀၂၆၅၁၂]ကိုင်ဆောင်သူက ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်မင်း**
**[၁၂/ဥကမ(နိုင်) ၀၂၆၅၁၂]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိစန္ဒာ (LL.B) (စဉ်-၁၅၅၇၆)**
**(တရားလွှတ်တော်ရှေ့နေ) ၊ (၂၇-၆-၂၀၁၉)**
**အမှတ်(ဆ/၆၆၈/၂)၊ သမာဓိလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၀၂၉၅၁၄**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်- (၁၂၈၁/က)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာလမ်း၊ အမှတ်(၁၂၈၁)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိမြို့မြေစာရင်းတွင် ဦးဇော်ထွန်း အမည်ဖြင့်တည်ရှိသော နှစ်(၆၀) မြေငှားဂရန် မြေကွက် ဖြစ်ပါသည်။ မြေအမည်ပေါက်သူဖြစ်သူထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၆၉၄/၂၀၁၁)(၂၀-၁၂-၂၀၁၁)အရ လွှဲပြောင်းလက်ခံရရှိသူ ဦးဝင်းစိန်(ဘ) ဦးဝမ်လီကွဲ[၁၃/တကန(နိုင်)၀၆၈၅၉၆] က လက်မှတ်ရေးထိုး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းပြောပြဝန်ခံပြီး၊ ၎င်းထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများ၊ ဂရန်မူရင်းတို့နှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မင်းနိုင် [LL.B,C.B.L,WIPO DL-101(GENEVA)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၂၇)**
**အမှတ် (၁၂၈)၊ မြေညီထပ်၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၀၀၃၂၂**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်

ယာယီ

**(ရက်စွဲ ၊ ၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီ လ ၂၉ ရက်)**

၁။ ၂၀၂၄ ခုနှစ် ၊ မတ်လ (၁) ရက်နေ့တွင် ကျင်းပမည့် အကြိမ် (၆၀) မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **" က " အက္ခရာမှ အစဉ်လိုက် " ဇ " အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၈) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၄၉၀၉၁၂) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (**၄၉၀၉.၁၂၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ် သန်း ( **၃၄၃၆.၃၈၄**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | ( ၂ ) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | ( ၂ ) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | ( ၅ ) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၈) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၂) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၃) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | ( ၃၀ ) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | ( ၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | ( ၃၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | ( ၂၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၂၅၀.၀၀၀)မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | ( ၄ ) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | ( ၂၀ ) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | ( ၂၀၀ ) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

**၄။ အကြိမ် (၆၀) မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ် ၊ မတ်လ (၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၂၈-၂-၂၀၂၄) ရက်နေ့ (၂၃:၅၉:၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ အကြိမ် (၆၀) မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁ - ၃ - ၂၀၂၄) ရက်နေ့ (သောကြာနေ့) ၊ နံနက်(၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း ၊ အကြိမ် (၆၀) မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

မိဘမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

စာအုပ်စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ **Parami Valley Residences** အဆောက်အဦ၏ တိုက်အမှတ်**(C2)**(၈-လွှာ)၊ အခန်းအမှတ်**(C2-801)**၊ အကျယ်အဝန်း(၁၂၀၈)စတုရန်းပေရှိသောကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ **Myanmar Imperial Vega Co.,Ltd** ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်မြတ်သူ[၁၂/မရက(နိုင်)၁၃၉၉၄၀]၊ဒေါ်ယုဇနလွင်မာ[၁၂/ဗတထ(နိုင်)၀၃၆၉၇၀]တို့က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွကျွန်ုပ်ထံသို့(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ဖုန်း-၀၉-၄၄၃၀၇၁၁၄၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၅၀) (၈)လွှာ၊ တိုက်ခန်းအား ဦးထူးဝေပိုင် [၁၂/ဗဟန(နိုင်) ၁၀၁၃၅၅] မှ လက်ရှိလက်ဝယ်ပိုင်ဆိုင်ပြီး ၎င်းတိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇင်လှိုင် (LL.B), B.A (Business Law),CBL**
**အထက်တန်းရှေ့နေ(စဉ်-၅၀၈၃၈/၂၆-၃-၂၀၁၉)**
**တိုက်(၄၁)၊ အခန်း(၁၃)၊ ဗဟိုရ်စည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၄၂၆၇၃**

## “အမွေပုံပစ္စည်းဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း”

ကျွန်ုပ်တို့၏အမှုသည်များဖြစ်ကြသော ၁။ ဦးဘော်နီ(ခ) ဦးကိုကိုအောင် [၁၂/ကမတ(နိုင်)၀၂၀၇၄၂] ခေတ္တနေ၀ေး နိုင်ငံ၊ ၂။ဦးထွန်းထွန်းအောင် [၁၂/ကမတ(နိုင်)၀၂၀၇၄၃]တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏အမှုသည်များဖြစ်ကြသော ၁။ဦးဘော်နီ(ခ)ဦးကိုကိုအောင် ၂။ဦးထွန်းထွန်းအောင်တို့၏ဖခင်ဖြစ်သူ ဦးအောင်သိန်းမှာ (၁၉၉၉) ခုနှစ်တွင် သေဆုံးခဲ့ပြီး၊ မိခင်ဖြစ်သူ ဒေါ်နုရင်မှာလည်း (၂၀၁၆) ခုနှစ်တွင် အသီးသီးသည်ကွယ်လွန်ခဲ့ပါသည်။ ကျန်မောင်နှမများဖြစ်သည့် အစ်မဖြစ်သူများဖြစ်သော ဒေါ်ခင်ဝင်းကြူသည် ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ ဒေါ်ခင်ပြုံးဇင်မှာလည်း (၂၀၂၁)ခုနှစ်တွင်လည်းကောင်း အပျိုကြီးဘ၀ဖြင့် အသီးသီးသေဆုံးခဲ့ကြပါသည်။ မိခင်ဖြစ်သူ ဒေါ်နုရင်နှင့် ဖခင်ဖြစ်သူ ဦးအောင်သိန်းတို့ ကွယ်လွန်ပြီးသည့်အချိန်တွင် အမွေပုံပစ္စည်းအဖြစ်

“ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်းကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ရွှေစိုးလမ်း၊ အမှတ်(၃၄) မြေညီထပ်၊ ခေါင်းရင်းခန်း” ဧရိယာအကျယ်အဝန်း(အလျား ၁၁ ပေ x အနံ ၅၀ပေ)ရှိမြေညီထပ် တိုက်ခန်းတစ်ခန်းအမွေပုံပစ္စည်းအဖြစ်ကျန်ရှိခဲ့ပါသည်။ အဆိုပါအမွေပုံပစ္စည်းဖြစ်သော မြေညီထပ်တိုက်ခန်းအား ကျွန်ုပ်တို့၏အမှုသည်များ၏ ခွင့်ပြုချက်၊ သဘောတူညီချက်၊ တစ်စုံတစ်ရာမပါရှိဘဲ၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန် အသိပေးတားမြစ်အပ်ပါသည်။

အကယ်၍ ပြုလုပ်ခဲ့ပါက ရာဇ၀တ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဥပဒေအရ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးဘော်နီ(ခ) ဦးကိုကိုအောင် နှင့် ဦးထွန်းထွန်းအောင်တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သျှားလွဲဆန်နီ LL.B** | **ဒေါ်ခင်နှင်းမြတ်(LL.B,D.B.L,D.M.L)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၅၅၆၁၅)** | **(စဉ်–၁၀၂၃၄) (၂၇–၁–၂၀၁၅)** |

**အမှတ်–၇၈၈(ဘီ)၊ ဇဋိလ(၄)လမ်း၊ ၁၆/၁ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၆၇၇၆၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃–သုဝဏ္ဏ)၊ မြေကွက်အမှတ်(၃၆၆)၊ မြေအမျိုးအစား(နှစ်–၆၀)ဂရန်၊ မြေအကျယ်အဝန်း(၀.၁၂၅)ဧကရှိ သဃ်န်းကျွန်းမြို့နယ်၊ ၂၃–သုဝဏ္ဏရပ်ကွက်၊ ယင်းမာမြိုင်လမ်း၊ အမှတ်(၃၆၆)ဟုခေါ်တွင်သောမြေ၊ အိမ်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက် PACIFIC ASIA HI–TECH CONSTRUCTION COMPANY LIMITED၏ ကိုယ်စား စီမံခန့်ခွဲရောင်းချနိုင်သည်ဟု အဆိုပြုသူ ဦးအောင်ကျော်မိုး[၁၂/လမန(နိုင်)၀၁၂၈၆၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်၀ယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထွန်းနိုင်အောင် (LL.B,C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၃၆)**
**အမှတ်(၁၆၂)၊ (စပယ်ခြံ)၊ ဖူးကြီးပိုက်လုံးလမ်း၊ သဲဖြူကျေးရွာ၊ အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့နယ်။ ဖုန်း–၀၉–၅၁၂၅၆၀၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀/မြို့မမြောက်ရပ်ရှိ မြေကွက်အမှတ်၊ (ပ–၃၃၇၀၇)ကိုအမည်ပေါက် ဦးစိန်သန်း(ဘ)ဦးထိန်ဝင်း၊ [၁၂/ဗတထ(နိုင်)၀၀၄၆၁၆]၏ အထွေထွေကိုယ်စားလှယ်ရရှိထားသူ ဒေါ်နုနုထွေး(ဘ)ဦးထွန်းခင် [၅/ရဘန(နိုင်)၀၀၁၁၉၃]မှ မြေပေးစလစ်(မိတ္တူမှန်)ထုတ်ပေးပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေပေးစလစ်ပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်ဆိုချက်(မူရင်း)၊ ရပ်ကွက်နှင့်ရဲခန်းထောက်ခံချက်၊ မြေကွက်ဖိုးသွင်းချလန်၊ မြေပြင်ဓာတ်ပုံ၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၅၁/၂၀၁၁)တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း နောက်ဆုံးထားပြီးလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပေးစလစ်(မိတ္တူမှန်)**လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၉/ဘီ၊ မြေကွက်အမှတ်–၁၅၄၊ မြေကွက်တည်နေရာအမှတ်–၁၅၄၊ ဖိုးဝဇီရာလမ်း၊ ၃၉/ဘီ ရပ်ကွက်၊ ဒဂုံမြောက်(ဒေါ်သင်းယဉ်–CG –၀၈၇၁၃၄၊ [၁၂/မဂတ(နိုင်)၀၅၁၁၂၅])အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဒေါ်သင်းယဉ်အပျိုကြီးဘဝဖြင့်ကွယ်လွန်သဖြင့် ၎င်း၏ညီမတော်စပ်သူ ဒေါ်ငွေးငွေးဝင်း [၁၂/မဂတ(နိုင်)၀၅၁၁၀၉]မှ ကွယ်လွန်သူ ဒေါ်သင်းယဉ်သည် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး အခြားသော အမွေစားအမွေခံကိတ္တိမသားသမီးများမွေးစားခဲ့ခြင်းမရှိခဲ့ကြောင်း၊ ကွယ်လွန်သူတွင် မွေးချင်းအဖြစ် မိမိတစ်ဦးတည်းသာကျန်ရှိခဲ့ပါကြောင်း၊ အခြားသောမွေးချင်း ညီအစ်မ/မောင်နှမအရင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မိမိတို့မှာ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာမြေအမည်ပေါက်ကွယ်လွန်ပြီးနောက် အထက်ပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျန်ရစ်သူညီအစ်မအရင်းဖြစ်သော မိမိတစ်ဦးတည်းသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အစ်မဖြစ်သူသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ကတ်နှင့်ဂရန်တို့တင်ပြ၍ ဒေါ်ငွေးငွေးဝင်းမှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ **ဦးကျော်ကျော်အုံး** (၁၂/ကမရ (နိုင်) ၀၃၄၃၆၆)၊ အမှတ် (၂၇၇)၊ လမ်း (၄၀) (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

**ဦးကျော်ကျော်အုံး** တရားဝင်ပိုင်ဆိုင်သော အကျိုးခံစားခွင့်ရှိသော မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မှ အလွဲသုံးစားပြုလုပ်ခြင်း၊ ပေါင်နှံရောင်းချခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ မလျော်ကြံဖာသုံးခြင်းမပြုလုပ်ကြရန်နှင့် စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးဇော်ဝင်းလှိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၅၀၂၇)
**ရုံးခန်း - အမှတ် (၂၇)၊ ပထမထပ်၊ ဗေယျာသီရိလမ်း၊ ပိုလ်ထွန်းဝံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09 - 421073619**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၃)လမ်း၊ အမှတ်(၂၆၅)၊ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ဒုတိယထပ် (ဘယ်)၊ အကျယ်အဝန်း(၁၁.၅ x ၄၇)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ခိုင်ခိုင်မော်[၁၁/တကန(နိုင်)၀၅၇၃၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စမ်းစမ်းမိုး[၁၂/ဥကမ(နိုင်)၁၈၃၇၇၄] က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B)** | **ဒေါ်ယုဇန်ကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း–၀၉–၉၇၇၁၂၈၁၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

## “အများသိစေရန်ကြေညာခြင်း”

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဝိုင်းမော်မြို့နယ်၊ အမှတ်(၂၅)၊ ရပ်ကွက်(၃)နေ မသင်းမာလာမွှေး(ဘ)ဦးဇော်ဝင်းထွန်း [၁/ဝမန(နိုင်)၀၉၉၈၂၃]ကိုင်ဆောင်သူသည် **၎င်း၏နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံကူးလက်မှတ်**တွင် အမည်နေရာနှင့်မွေးသက္ကရာဇ်တို့၌ **မသင်းမာလာမွှေး၊ မွေးသက္ကရာဇ်(၃–၂–၂၀၀၁)**ခုနှစ်ဟုလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်၏အမည်နေရာနှင့် မွေးသက္ကရာဇ်တွင် **မနန်းသင်းမာလာမွှေး၊ မွေးသက္ကရာဇ်(၁–၇–၂၀၀၁)**ခုနှစ်ဟုလည်းကောင်း အသီးသီးကွဲလွဲစွာဖော်ပြထားသော်လည်း လူပုဂ္ဂိုလ်အားဖြင့်တစ်ဦးတည်းဖြစ်သည်မှာမှန်ကန်ပါသည်။ ကျွန်မ၏**အမည်နှင့်မွေးသက္ကရာဇ်အမှန်မှာ မသင်းမာလာမွှေး၊ မွေးသက္ကရာဇ်(၃–၂–၂၀၀၁)**ခုနှစ်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မသင်းမာလာမွှေး**
**[၁/ဝမန(နိုင်)၀၉၉၈၂၃]**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆) ရပ်ကွက်၊ အောင်မြင့်မိုရ်လမ်း၊ မြေကွက်အမှတ် (၁၉၀၂) ဦးလှမင်းအမည်ပေါက်သည့် ပါမစ်မူရင်း မြေအကျယ်ပေ (၄၀ x ၆၀) ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးလှမင်း [၁၂/ကမန(နိုင်)၀၅၆၈၂၁]မှ ဥပဒေအရ တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်–၃၅၅၀၉/၁၆–၁၂–၂၀၁၀)**
**တိုက်(၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09–250805524**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃)၊ ရွှေဥဒေါင်း (၂)လမ်း၊ မြေကွက်အမှတ်(၃၂၀/ခ)ဟုခေါ်တွင်သော ဒေါ်စန်းစန်းဝင်း(ခ)ဒေါ်ညွန့်ညွန့်ဝင်း အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေ အမျိုးအစား၊ မြေအကျယ်(၂၄x၆၀)ပေ၊ ဧရိယာ(၀. ၀၃၂)ဧက၊ (၁၄၁၀) စတုရန်းပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စန်းစန်းဝင်း(ခ)ညွန့်ညွန့်ဝင်း [၁၂/ဗဟန(နိုင်)၀၆၁၈၃၂]မှ အမည်ပေါက် ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမျိုးညွန့်အောင် [၁၂/ဥကတ(နိုင်)၀၂၂၇၆၂] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ –** | **ညွှန်ကြားချက်အရ –** |
| **ဦးမျိုးညွန့်အောင်** | **ဒေါ်ခင်သူဇာဝင်း (LL.B)** |

**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၆၃၂၂၀၉၁**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၂၃–၁–၂၀၂၄)ရက်စွဲပါ စာမျက်နှာ(၂၅)ကြေးမုံသတင်းစာတွင်ပါရှိသော ဒေါ်သန္တာဦးအမည်ပေါက် မြေကွက်အမှတ် (ပ–၂၂၆၀၉)ကို “ဒေါ်သန္တာလင်း[၉/မတရ(နိုင်)၀၉၅၅၀၁]”အစား “ဒေါ်သန္တာလင်း[၁၃/နမတ(နိုင်)၀၃၇၄၉၈]”နှင့် မှတ် ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားခြင်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀/မြို့မမြောက်ရပ်၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ် (ပ–၃၃၅၀၅)၏မြေငှားစာချုပ်(မူရင်း) ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်တင်တင်ဝင်း(ဘ)ဦးစံဖြူ[၁၂/ဗတထ(နိုင်)၀၁၂၅၄၉]၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးကျော်မြင့်အောင်(ဘ)ဦးကျော်ခဲ [၅/စကန(နိုင်)၁၇၂၀၈၁]မှ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ နေပြည်တော်၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ(မိတ္တူမှန်)၊ မြေငှားစာချုပ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်(မူရင်း)၊ မြေငှားရမ်းခပြေစာ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်(မူရင်း)၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ မြေငှားစာချုပ်(မိတ္တူမှန်)ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ်(မိတ္တူမှန်)**လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၆/တိုးချဲ့၊ မြေကွက်အမှတ်–၄၁၆/က၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက်တည်နေရာ–အမှတ်(၄၁၆/က)၊ စကားဝါလမ်း၊ (၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်တင်ချိုငြိမ်း [၁၄/ဇလန(နိုင်)၀၉၇၂၇၈] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဒေါ်တင်ချိုငြိမ်း [၁၄/ဇလန(နိုင်)၀၉၇၂၇၈]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍အရောင်းမြေပုံကူးလျှောက်ထားရာ (၂၀၁၉)ခုနှစ်တွင် ဘဏ်ချေးမြေပုံလျှောက်ထား ထုတ်ယူခဲ့သော်လည်း မည်သည့်ဘဏ်တွင်မျှ ငွေချေးယူခဲ့ခြင်းမရှိဘဲ အဆိုပါဘဏ်ချေးမြေပုံမှာ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ အဆိုပါဘဏ်ချေးမြေပုံအား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်းမရှိပါကြောင်း၊ ဘဏ်ချေးမြေပုံမှာ အမှန်တကယ်ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ ဘဏ်ချေးမြေပုံပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက တာဝန်ယူကြောင်း လသာမြို့နယ် တရားရုံး၏ကျမ်းကျိန်လွှာအမှတ်– ၁/၁၈၃၄/၂၀၂၄(၂၅–၁–၂၄) တို့တင်ပြ၍ အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ (ပင်မဆောင်+တိုးချဲ့ဝင်း)တွင် (၂၀၂၄–၂၀၂၅)ဘဏ္ဍာရေးနှစ်၌ လုံခြုံရေးလုပ်ငန်း ငှားရမ်းဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသည့်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချ မည့်နေ့ရက် – ၁–၃–၂၀၂၄(သောကြာနေ့)
တင်ဒါပုံစံနောက်ဆုံး ပေးသွင်းရမည့်နေ့ရက်/ အချိန် – ၁၄–၃–၂၀၂၄(ကြာသပတေးနေ့) – ၁၆:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၀၈

| | | |
|---|---|---|
| ဒေါ်ခင်သီတာဦး **တရားလို** | နှင့် | ဒေါ်ခင်မြနိုင် **တရားပြိုင်** |

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ (၅)လွှာ၊ အမှတ်–၆၆** နေ တရားပြိုင် ဒေါ်ခင်မြနိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်သီတာဦးက “ယုံကြည်မှုအရထုတ်ပေးငွေကျပ်–၄၂,၅၀၀,၀၀၀/– (လေးရာနှစ်ဆယ့်ငါးသိန်းကျပ်)နှင့် တကွနစ်နာကြေးငွေကျပ်–၇,၅၀၀,၀၀၀/–(ခုနစ်ဆယ့်ငါးသိန်းကျပ်)၊ စုစုပေါင်းငွေကျပ်သိန်းငါးရာတိတိရလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ (၁၃၈၅ ခု၊ တပေါင်းလဆန်း ၂ ရက်) မွန်းမတည့်မီ (၁၁) နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန့်စင်ငြိမ်း)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**ကျောက်တံတားခရိုင်တရားရုံး**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃
## အင်းစိန်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၁၀

**ကွယ်လွန်သူ Mr.A.S John(ခ)အယ်ဖရတ်စတေလေဂျွန်း(စ်)၏**
**ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

**ဒေါ်အယ်နာဝေလ်ဘာ** ——————— **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏရပ်ကွက်၊ ကာယ(၄)လမ်း၊ အမှတ်(၁၁၉)၌ နေထိုင်ခဲ့သော ကွယ်လွန်သူဖခင် **Mr.A.S John(ခ)အယ်ဖရတ်စတေလေဂျွန်း(စ်)**၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် **ဒေါ်အယ်နာဝေလ်ဘာ**က အမွေဆက်ခံခြင်းဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ(၅)ရက်၊ (၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ်(၁၂)ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ **Mr.A.S John(ခ)အယ်ဖရတ်စတေလေဂျွန်း(စ်)**၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဆိုင်သည်ဟုအဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက် လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဧပြီလ(၅)ရက်၊ [၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ်(၁၂)ရက်]နေ့ နံနက်(၁၀:၀၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော **ဒေါ်အယ်နာဝေလ်ဘာ**၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်တင်မော်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ မြေကွက်အမှတ်(၃၅၇)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ **ဦးအောင်သန်း (NTN-၀၈၆၂၁၁)**အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ တိုက်ရိုက်ဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဒေါ်မိုးမိုးအေး [၁၂/မရက(နိုင်)၀၀၅၀၃၅]**က ၎င်းလက်ဝယ်ရှိတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်အမာကြည် [၉/မခန(နိုင်)၀၇၄၈၈၇]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆိုပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မင်းသူ့နှီးဖြိုး(စဉ်-၁၂၈၄၆)** | **ဒေါ်စုစုမွန်(စဉ်-၁၃၄၉၆)** |
| **[တရားလွှတ်တော်ရှေ့နေ]** | **[တရားလွှတ်တော်ရှေ့နေ]** |
| **[LL.B,D.I.P.L,DL-101** | **(LL.B,D.B.L,D.I.L,D.I.P.L,DL101** |
| **WIPO (Switzerland)]** | **WIPO (Switzerland)]** |

**ဖုန်း - ၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၉၉၆၆၄၅၅၆၊ ၀၉-၅၀၄၉၁၇၄**
**အမှတ်-၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ခနောက်စံပြကျေးရွာ၊ အကွက်အမှတ်(ခ/၁၂၄)၊ အကျယ်(၆၀x၈၀)ပေရှိ ဗိုလ်ကြီးမြင့်ဦး အမည်ဖြင့် စလစ်ထွက်ရှိထားသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းရွှေ [၁၂/ဒလန(နိုင်)၀၀၃၆၈၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူကဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"ဦးဝင်းဇော်ထွန်း၏ လွှဲအပ်ချက်အရ"**
**"တရားလွှတ်တော်ရှေ့နေများ"**

| | |
|---|---|
| **ဦးအောင်နိုင်ထူး(စဉ်-၁၃၅၇၅)** | **ဦးကျော်စွာမြင့်(စဉ်-၁၃၂၈၂)** |
| **(LL.B,WIPO(Switzerland)** | **(LL.B,D.B.L,D.I.L)** |

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:01-385205,09-420088970**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်ကုန်း၊ ရာဇသင်္ကြန်လမ်း၊ အိမ်အမှတ်(၉၅၇/ခနှင့်ခ/၄၈)

## မြေကွက် (၂)ကွက်တွဲ စုစုပေါင်း အကျယ်အဝန်း (အလျား၆၆ပေ x အနံ ၅၃/၆၅ပေ) ရှိမြေနှင့် အဆောက်အဦအား အရောင်းအဝယ် ပြုလုပ်ခြင်းအတွက် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အဆိုပါ မြေနှင့်တစ်ထပ်တိုက်အဆောက်အဦအား စာချုပ်အဆက်စပ်ဖြင့် နောက်ဆုံးဝယ်ယူထားသူ ဦးနေလင်းမြတ် [၁၂/အစန(နိုင်)၀၅၇၂၆၀]မှ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိ တာဝန်ယူကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေ အဆောက်အဦနှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းထက်ထက်ဇော်**
**LL.B,D.B.L,D.I.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၇၁၇)**
**အမှတ် - ၄၅၀၊ ပါရမီလမ်းသွယ် (၃)၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၄၆၄၉၄၆၄၅၊ ၀၉-၂၅၄၆၂၃၁၇၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြသီတာရပ်ကွက်၊ မြကန်သာ(၄)လမ်း၊ အမှတ်(၁၆)၊ (အလျား ၃၀ ပေx အနံ ၁၀၀ ပေ)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နော်ဖောထူး[၁၂/မဂဒ(နိုင်)၀၉၆၆၉၁]က တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်နေအိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဟန် (LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၃၁)**

| | |
|---|---|
| **ဒေါ်အိရွှေစင် (LL.B,DBL,DIL)** | **ဦးရဲမျိုးမင်းကျော် (LL.B,DBL,DIL)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၆၇၁၇)** | **(စဉ်-၁၈၉၀၀)** |

**ရုံးခန်း-အမှတ်(၄၉၃)၊ ဝေဘာဂီလမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၁၆၁၄၁၉၅၊ ၀၉-၇၆၉၀၈၆၉၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁/ထူပါရုံ)ရပ်ကွက်၊ ထူပါရုံ(၁၅)လမ်း၊ တိုက်အမှတ်(၈၃၅)၊ စတုတ္ထထပ် (၅-လွှာ/ခေါင်းရင်းခန်း) အကျယ်အဝန်း (အလျား ၁၉ပေ x အနံ ၅၄ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ရေမီတာ၊ မီးမီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နီနီယဉ်ထွန်း [၁၂/ဒလန(နိုင်)၀၃၇၇၁၆] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးတင်အေး [၁၁/ကဖန(နိုင်)၀၀၇၉၉၀] က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဆီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၄၁)**
**အမှတ် (၁၈၆)၊ ဗဟိုလမ်း၊ ကျွန်း/လယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။**
**ဖုန်း-၀၉- ၇၉၄၄၆၇၁၆၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အမှတ်-၂၄၉၈/က၊ ဇေယျာဝတီ(၁)လမ်း၊ ၁၀ တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုအမည်တွင်သော (၂၀' x ၆၀') ခြံကွက်ပေါ်၌ ဦးအေးဆွေမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေနှင့်အညီ ဆောက်လုပ်ထားသော ၃ ထပ်ခွဲတိုက်မှ ပထမထပ်ဖြစ်သည့် အနံ ၁၈'၊ အလျား ၅၄'ရှိ လူနေတိုက်ခန်းအား **ဒေါ်သင်းသင်းအေး[၁၂/ သကတ (နိုင်)၀၀၃၂၃၇]**မှ စာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်ပြီး ၎င်းကိုယ်တိုင်ရောင်းချရန် အခွင့်အရေးရှိသည်နှင့်အညီ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ခင်သီတာခိုင်[၈/မသန (နိုင်)၀၇၈၆၀၈]**မှ အပိုင်ဝယ်ယူမည်ဖြစ်၍ စရန်တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသောကြောင့် ဥပဒေအရ ကန့်ကွက်လိုသူ မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ယနေ့ကြော်ငြာပါသည်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခိုင်ဇော်ဌေး LL.B, DCBL(SSBM)**
**(အထက်တန်းရှေ့နေ) (စဉ်-၅၅၄၄၇)**
**အမှတ်(၅၄၉၊ က)၊ ထော်ပိုင်(၂)လမ်း၊ ၁၁ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၆၀၆၆၆၅၇၇၊ ၀၉-၂၆၀၉၀၈၀၃၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မူမူဝင်း(ဘ)ဦးသောင်းလွင် [၁၂/သလန(နိုင်)၀၀၆၉၃၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ မြို့ပြကွက်သစ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေတိုင်းအမှတ်(၇)၊ မြေကွက်အမှတ်-၄၆ါ ဟုခေါ်တွင်သော (၄၀'x၆၀')အကျယ်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဦးနှင်း(ဘ)ဦးရွှေဘော် အမည်ဖြင့် ချထားပေးသော မြေကွက်နှင့် ယင်းမြေပေါ်ရှိ (၂)ထပ် တိုက်ခံနေအိမ်ကို ဦးထွန်းထွန်း(ဘ)ဦးလှသိန်း [၁၂/ကတန(နိုင်)၀၄၈၃၇၅]က အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပြီးနောက် အရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်ခဲ့ကြောင်း၊ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ဒေါ်မူမူဝင်းက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ပိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဝါဝါဝင်းစိန်** | **ဒေါ်စုဇာခြည်ကျော်(ခ)ဒေါ်ဆုဇာခြည်ကျော်** |
| **(LL.B, D.I.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၆၃)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၂၁၈)** |

**ရှေ့နေများရုံးခန်း၊ သန်လျင်ခရိုင်တရားရုံးရှေ့၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၁၀၂၁၈၀၉၊ ၀၉-၇၉၉၄၂၁၅၆၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၁/၂)၊ မြေကွက်အမှတ် (ပ-၃၀+၃၁)အား အမည်ပေါက် ဒေါ်ခင်ခင်[၁၂/စခန(နိုင်)၀၂၂၅၈၁]၏ ချွေးမဖြစ်သူ ဒေါ်ညိုညိုစန်း[၁၂/စခန(နိုင်)၀၂၀၉၅၈]မှ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၆) ရပ်ကွက်၊ ပင်းယ(၁)လမ်း၊ မြေကွက်အမှတ်(၁၂၁၈)၊ ဦးမောင်မောင်ခက် [၁၂/ကတတ(နိုင်)၀၀၆၉၃၃] ဂရန်အမည်ပေါက် (၄၀ x ၆၀)ပေမြေကွက်မှ ခွဲခြမ်း စိတ်ဖြာထားခြင်းမရှိသေးသော (၁၁ x ၆၀)ပေမှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အေးရီ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနေကိုကိုအောင်[၁၄/ကပန(နိုင်)၀၁၁၂၇၃]မှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးပြတ်သည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေကိုကိုအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၁၂၈၇)၊ (အလျား ၄၀ပေxအနံ၆၀ပေ) အကျယ်ရှိ မြေချပါမစ်အမျိုးအစားမြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်ကြီး၏ မြေကွက်ကိုမျက်နှာမူ၍ကြည့်သော် (ဘယ်) ခြမ်း၊ (အလျား ၂၀ပေx အနံ ၆၀ပေ) အကျယ်ရှိ (ပါမစ်မိတ္တူခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၄) ရပ်ကွက်၊ ယောမင်းကြီး(၁) လမ်းနှင့် အာသာဝတီလမ်းထောင့်၊ အမှတ် (၁၂၈၇) ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးအောင်သန်း(AC-၀၃၇၃၅၈) အမည်ပေါက်ကြောင်း၊ ရောင်းသူများဖြစ်သော ဦးစန်းယုထွေး [၈/ခမန(နိုင်)၁၃၁၄၀၄]နှင့် ဒေါ်သက်သက်ဇင်[၁၄/ပသန(နိုင်)၂၁၄၆၃၃]တို့မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤပါမစ်မြေနှင့် အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

ဗာ် **7စံ**
မြေကွက်များရောင်း/ဝယ်ရေး
**ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊**
**တောင်ပိုင်း၊ မြောက်ပိုင်း၊**
**(ရွှေပေါက်ကံမြို့သစ်)**
**အိမ်အရောက် ငွေပေးချေသည်၊**
**"ပွဲခလုံးဝမယူပါ"၊**
**09-45 5050 900**
**09-33333 511**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၆) ရပ်ကွက်၊ နဝဒေးအိမ်ရာ၊ တိုက်(၂)၊ အခန်း(၁၀)၏ အမည်ပေါက် ဒေါ်နန့်ကျင်နွယ် [၁၂/အစန(နိုင်)၀၄၄၁၉၅]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မြင့်မြင့်ခင်[၁၃/ဆဆန(နိုင်)၁၄၆၄၈၀]က တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရွှေဝါလမ်း၊ မေတ္တာညွန့်အိမ်ရာ၊ တိုက်(8-B)၊ အခန်း(001)၊ မြေညီထပ်၏ အမည်ပေါက် ဦးတင့်ဆန်း [၁၄/မမန(နိုင်)၀၂၈၆၀၇] ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ခင်လေးရီ [၁၂/ရကန(နိုင်) ၀၅၇၁၀၄]က တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## "Top and Top Star ကိုယ်ပိုင်အထက်တန်းကျောင်းပိုင်ရှင် ဒေါ်နွယ်နီနိုင် [၁၀/မဒန(နိုင်)၀၀၅၂၅၄]နှင့် အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅) ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၁၃၇)နေ ဒေါ်နန်းသီတာ [၁၂/ဥကတ(နိုင်)၀၃၄၆၈၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေဒေါ်နန်းသီတာထံမှ လူကြီးမင်းဒေါ်နွယ်နီနိုင်သည် Top and Top Star ကိုယ်ပိုင်အထက်တန်းကျောင်း၏ ပိုင်ရှင်ဖြစ်ပြီး၊ မိမိ၏စီးပွားရေးလုပ်ငန်းဖြစ်သော Top and Top Star ကိုယ်ပိုင်အထက်တန်းကျောင်းလုပ်ကိုင်ရန်အတွက် အရေးတကြီးငွေလိုအပ်ကြောင်း ခေတ္တအကူအညီပေးပါရန် ပြောဆိုလာရာ "(၂-၂-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူဝန်ခံကတိပြုစာချုပ်" ဖြင့် ငွေကျပ် ၆၅၀,၀၀,၀၀၀/-(ငွေကျပ်သိန်းခြောက်ရာ့ငါးဆယ်တိတိ) ကို အကူအညီတောင်းခံခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေဒေါ်နန်းသီတာမှ လူကြီးမင်းဒေါ်နွယ်နီနိုင်အား ပေးအပ်ခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

လူကြီးမင်း ဒေါ်နွယ်နီနိုင်မှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းသီတာထံမှ အကူအညီရယူထားသော ငွေကျပ် ၆၅၀,၀၀,၀၀၀/- (ငွေကျပ်သိန်းခြောက်ရာ့ငါးဆယ်တိတိ) ကို (၁၂-၂-၂၀၂၄) ရက်နေ့တွင် ငွေကျပ် ၅၀၀,၀၀,၀၀၀/- (ငွေကျပ်သိန်းငါးရာတိတိ) ကိုလည်းကောင်း၊ (၂၈-၂-၂၀၂၄) ရက်နေ့တွင် ငွေကျပ် ၁၅၀,၀၀,၀၀၀/- (ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ) ကိုလည်းကောင်း နောက်ဆုံးထားပြီး မပျက်မကွက် တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပြီး၊ ကျွန်ုပ်၏မိတ်ဆွေထံမှ ငွေကျပ် ၆၅၀,၀၀,၀၀၀/- (ငွေကျပ်သိန်းခြောက်ရာ့ငါးဆယ်တိတိ)ကို လက်ခံရယူခဲ့သော်လည်း သတ်မှတ်ရက်များတွင် လူကြီးမင်းဒေါ်နွယ်နီနိုင်မှ ပြန်လည်ပေးအပ်ခြင်းမရှိကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းသီတာထံမှရယူထားသော ငွေကျပ် ၆၅၀,၀၀,၀၀၀/- (ငွေကျပ်သိန်းခြောက်ရာ့ငါးဆယ်တိတိ)ကို ဤကြေညာချက်ပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ မပျက်မကွက် တစ်လုံးတစ်ခဲတည်းပေးအပ်ရန် ဒေါ်နွယ်နီနိုင်အား အသိပေးအပ် ပါသည်။ အကယ်၍ လူကြီးမင်းဘက်မှ လိုက်နာမှုမရှိဘဲပျက်ကွက်လျှင် ဥပဒေနှင့် အညီ တရားမကြောင်း၊ ရာဇဝတ်ကြောင်းအရ အရေးယူဆောင်ရွက်ပေးရန် ညွှန်ကြားထားကြောင်း Top and Top Star ကိုယ်ပိုင် အထက်တန်းကျောင်းပိုင်ရှင် ဒေါ်နွယ်နီနိုင် [၁၀/မဒန (နိုင်)၀၀၅၂၅၄] နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်စုစုငြိမ်း LL.B.,D.B.L. D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ် -၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၄၀၆၆၁၁**

## ၁၁-၂-၂၀၂၄ ရက်နေ့ ကြေးမုံသတင်းစာပါ ကိုချစ်ဝင်းလှိုင်၏ ကန့်ကွက်နိုင်ပါကြောင်းကြေညာသည့် ကြေညာအား ကန့်ကွက်ကြောင်းကြေညာခြင်း

၁၁-၂-၂၀၂၄ ရက်နေ့တွင် ကိုချစ်ဝင်းလှိုင်မှ ကြေးမုံသတင်းစာတွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကွမ်းခြံရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင်ရှိသော အလျား (၅၀)ပေ၊ အနံ (၈၅)ပေအကျယ်အဝန်းရှိ အိမ်ခြံမြေအား ရောင်းချတော့မည်ဖြစ်၍ ကန့်ကွက်လိုပါက သက်ဆိုင်သော အထောက်အထား မူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့ပါသည်။ အထက်ဖော်ပြပါ မြေကွက်သည် တွံတေးခရိုင်တရားရုံးတော်၌ တရားမကြီးအမှုအမှတ်-၆၅/၂၀၂၃ ဖြင့် တရားလို ဒေါ်လဲ့ရည်မွန်မှ ဦးချစ်ဝင်းလှိုင်အား လင်မယားနှစ်ဦးပိုင်ပစ္စည်း ခွဲဝေပေးစေလိုမှု စွဲဆိုထားသဖြင့် အထက်ပါမြေကွက်အား ရောင်းချမည်ကို ကျွန်ုပ်၏အမှုသည် ဒေါ်လဲ့ရည်မွန်မှ ကန့်ကွက်ကြောင်း ကိုချစ်ဝင်းလှိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်သက်သက်ဝေ** | **ဦးဇာနည်ထွန်း** | **ဦးအေးမင်းစိုး** |
| **(LL.B)** | **(LL.B,DBN)** | **(LL.B,DBN)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၁၇၉၈)** | **(စဉ်-၅၀၀၇၇)** | **(စဉ်-၅၅၇၄၁)** |
| **၃-၁-၂၀၁၇** | **၃၁-၇-၂၀၁၈** | **၂၉-၈-၂၀၂၃** |

**အမှတ်(၈၁၇)၊ ဘုရင့်နောင်လမ်း၊ မင်းပိုင်ရပ်ကွက်၊ တွံတေးမြို့။**
**ဖုန်း - ၀၉-၇၇၇၃၀၃၀၂၂၊ ၀၉-၄၂၁၀၀၈၈၈၇၊ ၀၉-၇၉၉၂၆၉၇၈၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်ကြီးပွားရေး(တောင်)၊ (အောင်ရတနာအိမ်ရာ)၊ အောင်ဆုပန်လမ်း၊ မြေကွက်အမှတ်(၅၈၁/၂၀)၊ မြေအကျယ်အဝန်း ဧရိယာ(၀.၁၈၈)ဧက၊ (၈၁၈၉)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်ခင်လွင်လွင်သက်(L/RGN- ၀၃၄၁၇၃) [၁၂/ရကန(နိုင်)၀၆၃၉၂၂]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ ဗိုလ်မင်းအောင်လမ်း၊ မြေကွက်အမှတ်(၉၇၅)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဒေါ်ရီရီမြင့်(YGN-၀၈၂၅၆၆)အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဦးဇော်လွင်[၁၂/တတန(နိုင်)၁၄၀၉၅၄]မှ ဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်သန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၆၆)**
**အမှတ်(A-3A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊(၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ Ph:09-454153474**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈/E)၊ နတ်မောက်(၆)လမ်း၊ မြေကွက်အမှတ်(၁၃၄၂)၊ အကျယ်အဝန်း (၄၀.၆x၆၀)ပေရှိ ဦးမောင်ယုံ(KLT-၀၁၉၄၀၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၁၃၄၁)နှင့် ကပ်လျက်အခြမ်း၊ (ဂရန်မူရင်းခြမ်း)၊ အကျယ်အဝန်း(၂၀.၆ x ၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဦးတင်ထွန်းထက်[၁၄/သသခ(နိုင်)၀၀၉၂၀၈]မှ ဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်သန်း[၁၁/စတန(နိုင်)၀၆၈၇၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝတ်ရည်ဖြူ(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၆၀၂၀) (၁၀-၁-၁၁)**
**အမှတ်(၈)၊ ရုံးပတ်လမ်း၊ မ.ဝ.တ လမ်းဆုံ၊ (မြို့နယ်တရားရုံးအနီး)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ Ph:09-262479965**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂၂-ရပ်ကွက်၊ အင်းဝ(၁)လမ်း၊ အိမ်အမှတ်(၂၂၅)၊ ဒေါ်ငိုလ်လွန်းညောင်(၃၄၁)အမည်ပေါက် မြေချပါမစ်မူရင်းမှ ခွဲခြမ်းစိတ်ဖြာထားခြင်းမရှိသေးသော ပေ (၂၀ x ၆၀) ပါမစ်မိတ္တူအား ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းထိုက်မှ တရားဝင်ရောင်းချထားခဲ့ရာ ထိုမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းကို[၁၂/ဒဂရ(နိုင်)၀၁၁၂၇၁]ကိုင်ဆောင်သူတစ်ဦးတည်းသာ တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်း အသိပေးအပ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို မည်သူတစ်ဦးတစ်ယောက်မှ မပြုလုပ်ပါရန် အသိပေးအပ်ပါသည်။ သို့ဖြစ်ရာ ထိုသို့ပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁/၁)ရပ်ကွက်၊ ငုရွှေဝါ(၃)လမ်း၊ အမှတ်(၁၄၁)၊ အကျယ်အဝန်းပေ (၄၀x၆၀) ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်းပေ(၂၀x၆၀)ရှိ (တက-မြင့်ရွှေ) [၂/လကန(နိုင်)၀၆၀၆၆၅] အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အဆက်ဆက် လက်ရှိထားနေထိုင်ပိုင်ဆိုင်ထားသူ ဒေါ်ငြိမ်းငြိမ်းအောင်[၅/ယမပ(နိုင်)၀၆၁၈၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နန်းမိုင် (LL.B, D.M.L)** | **ဒေါ်ပြုံးရီ (LL.B, D.M.L, D.I.L, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၄၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၀၁)** |

**အမှတ်-၅၅၇/၅၆၇၊ အခန်း(၉၀၃)၊ ၉-လွှာ၊ (MACTower)၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၉၄၇၅၈၆၀၊ ၀၉-၄၃၁၅၈၀၆၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၃၅၈၊ လက်ဝဲသုန္ဒရလမ်း၊ ဧရိယာ( ၀.၀၅၆) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မြင့်မြင့်မော်[၁၂/လမန(နိုင်)၀၆၀၃၇၁] မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမျိုးမင်း[၉/နထက(နိုင်)၀၁၀၄၁၁]က ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးမျိုးသန့်(ခ)ဦးမောင်ကြီး** | **ဒေါ်တင်မိုးခိုင်** | **ဒေါ်ခင်စန္ဒာထွန်း** |
| **LL.B (စဉ်-၁၀၅၇၇)** | **LL.B (စဉ်-၄၂၁၆၉)** | **LL.B (စဉ်-၅၁၃၆၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ (၅၁-တိုးချဲ့)၊ မြေကွက်အမှတ်(၂၄၀)၊ အောင်သာဝတီလမ်းဟုခေါ်တွင်သော (၄၀'x၆၀')အကျယ်ရှိ ဦးထွန်းအမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀'x၆၀')အကျယ်ရှိ ပါမစ်(မိတ္တူ)ခြမ်းမြေကွက်နှင့် ဘေးကပ်လျက်ဘက်ခြမ်းမြေကွက်မှ ဝယ်ယူထားသော(၅'x၆၀') စုစုပေါင်း(၂၅'x၆၀')အကျယ်ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်နှင်း[၆/လလန(နိုင်)၀၇၈၂၅၇]မှ မိမိသာပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ကြည်မွန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)**
**Ph:09-43114141, 09-400101414**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၃၂၆)၊ ရတနာလမ်းဟုခေါ်တွင်သော ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ မြေကွက်မှာ ဦးကျော်သိန်းမောင်[၁၂/ဥကတ(နိုင်)၀၁၆၅၈၄]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး ထိုအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာ(SP)တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသော ဦးသိန်းဇော် [၁၂/ဥကမ(နိုင်)၁၃၇၈၆၂]၊ ဦးမျိုးဝင်းဇော်[၁၂/ဥကတ(နိုင်)၁၃၀၂၁၅]တို့မှ မိမိတို့သာပိုင်ဆိုင်ပြီး အပေါင်အနှံအရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေနှင့် အဆောက်အဦအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ကြည်မွန် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)**
**Ph:09-43114141, 09-400101414**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လက်ပံတန်းစုကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၄၅/က)၊ ကွင်းအမည်(အင်းကန်)၊ ဦးပိုင်အမှတ်(၆၄/၁)၊ ဧရိယာ(၂၀.၂၀)ဧက အကျယ်အဝန်းရှိ ဥယျာဉ်ခြံမြေနှင့် ယင်းမြေကွက်ပေါ်ရှိ ခြံမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ယခုအပြီးအပိုင်ရောင်းချသူ ဒေါ်ခင်မိမိ[မှတ်ပုံတင်အမှတ်-၁၂/မဘန(နိုင်)၀၀၆၈၉၅] မှ လက်ဝယ်ပိုင်ဆိုင်ထားပါသည်။ ယခုအခါ လက်ရှိပိုင်ရှင်ထံမှ ဦးဇော်မျိုးခိုင် [၁၄/မမက(နိုင်)၁၄၀၅၁၀]နှင့် ဦးမြင့်ရွှေ [၁၂/တတန(နိုင်)၁၁၅၂၀၄]တို့မှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ ၎င်းအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ရက်(၆၀)အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးလွင် B.Sc., H.G.P., RL (II) အထက်တန်းရှေ့နေ (စဉ်-၂၅၀၅၁)**
**အမှတ်-၁၂၁/ဘီ၊ (မြေညီထပ်)၊ ၄၂ လမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၈၂၆၂၆၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

| | | |
|---|---|---|
| နန့်အိအိဇင် | နှင့် | ၁။ ဦးဝင်းလှိုင်(ခ)ဦးဝင်းနိုင် |
| | | ၂။ ဦးညီညီမင်း(ခ)ဦးညီညီဝင်း |
| | | ၃။ ဒေါ်ရီရီသွယ် |
| | | ၄။ ဒေါ်လှဝင်းရွှေ |
| | | ၅။ ဦးတင်အောင်လင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

တရားပြိုင်များဖြစ်ကြသော (၁)ဦးဝင်းလှိုင်(ခ)ဦးဝင်းနိုင်၊ (၂) ဦးညီညီမင်း(ခ)ဦးညီညီဝင်း၊ (၃) ဒေါ်ရီရီသွယ်၊ (၄) ဒေါ်လှဝင်းရွှေ(လုပ်ငန်းခွင်တူပိုင်ရှင်နှင့် ဝန်ထမ်းများ)၊ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ အမှတ်(၂၉၅/၃၀၁) (ယခုနေရပ်လိပ်စာမသိ)၊ (၅) ဦးတင်အောင်လင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၅)လမ်း၊ အမှတ်(၉၄)၊ အခန်း(4A) (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို နန့်အိအိဇင်က **"၂၀-၈-၂၀၂၁ ရက်နေ့တွင် ချုပ်ဆိုခဲ့သော ကားအရောင်းအဝယ်သဘောတူကတိစာချုပ်နှင့် ၂၁-၈-၂၀၂၁ ရက်နေ့တွင်ချုပ်ဆိုခဲ့သော နှစ်ဦးသဘောတူတိုက်ခန်းအား အပြီးအပိုင်ရောင်းချခြင်း ကတိစာချုပ်တို့အား ပယ်ဖျက်ပေးစေလိုမှုနှင့် ၂၀-၈-၂၀၂၁ ရက်နေ့ စာချုပ်ပါ ကားနှင့် ၂၁-၈-၂၀၂၁ ရက်နေ့စာချုပ်ပါ တိုက်ခန်းအား အပေါင်ရွေးနုတ်လက်ရောက်ရလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်နေ့)နံနက် ၁၁:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောစာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန့်စင်ငြိမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ကျောက်တံတားခရိုင်တရားရုံး**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် MRTV(HD) Channel မှ Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၁-၃-၂၀၂၄)ရက် (သောကြာနေ့)ညတွင် **"တောင်သူလယ်သမားနေ့"**ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ပြင်ပအဆိုရှင်များ သီဆိုမည့် **"ကျေးလက်ရနံ့"** ပွဲစဉ်(၃) တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၁-၃-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"ကျေးလက်ရနံ့" ပွဲစဉ်(၃) တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | လက်ပံပွင့်ကောက်အရောက်လာမယ် | ပြင်ပအဆိုရှင် |
| ၂။ | ကိုယ့်ရပ်ဌာနေ | ပြင်ပအဆိုရှင် |
| ၃။ | ရွှေညာသူ | ပြင်ပအဆိုရှင် |
| ၄။ | တို့တောရွာ | "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-1" အဆိုရှင် |
| ၅။ | ယောင်းမရေသူငယ်ချင်း | ပြင်ပအဆိုရှင် |
| ၆။ | ကျွန်တော်တို့ရွာ | ပြင်ပအဆိုရှင် |
| ၇။ | နေ့ရီရီ | ပြင်ပအဆိုရှင် |
| ၈။ | တောခလေ့ | ပြင်ပအဆိုရှင် |
| ၉။ | မိဝိုင်း | ပြင်ပအဆိုရှင် |
| ၁၀။ | ပျိုလေးတို့ရွာ | ပြင်ပအဆိုရှင် |
| ၁၁။ | လူချွန်လူကောင်း | ပြင်ပအဆိုရှင် |

## ကန့်ကွက်နိုင်ပါသည်

